# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ်အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၀၇)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။ စေးနှဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မမှန်မကန်ပြောဆိုသူကို မှန်ကန်ခြင်းဖြင့် အောင်ရာ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



**(၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ**

စာ - ၁၇ သို့

**ဆောင်းပါး**

**မြန်မာတို့၏ နွေဦးရာသီဖြစ်သည့် ထူးမြတ်သည့်လတပေါင်း**

စာ - ၁၃ သို့

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယတိုင်းမှူးများနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ◆




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်)

# နွေးထွေးစွာကြိုဆို၍ မိဘရင်ခွင်သို့ပြန်လည်အပ်နှံ

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိသည်။ ပြန်လည်ဝင်ရောက်လာသူများကိုလည်း နွေးထွေးစွာကြိုဆိုလျက်ရှိပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခင်ဝင်ရောက်လာသူများက ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်မျှဝေသည့်အတွက် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများမှာ များပြားလာနေပြီဖြစ်သည်။

ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များက ကြိုဆိုလက်ခံလျက်ရှိပြီး မိဘများထံပြန်လည်အပ်နှံပေးလျက်ရှိသည်။ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ၉ ဦး ပေါင်း ၁၅၀ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား နွေးထွေးစွာကြိုဆို၍ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့်အဖွဲ့ဝင်များသည် မိဘဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်းတံတားများကိုမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့အတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်သည်။

ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများနှင့်အတူ မောင်းပြန်ရိုင်ဖယ် ၁၅ လက်၊ RPG ၁ လက်၊ လက်လုပ်သေနတ် ၂ လက်၊ လက်ပစ်ဗုံးနှင့်ဗုံးသီးမျိုးစုံ ၁၉ လုံး၊ စကားပြောစက် ၅ လုံး၊ ကျည်အိမ် ၃၅ ခု၊ ကျည် ၉၇၂ တောင့်နှင့်ကျည်ကာအင်္ကျီ ၄ ထည်ပါရှိလာခဲ့သည်။ အဆိုပါလက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများအတွက် နိုင်ငံတော်ကဆုကြေးငွေများပြန်လည်ပေးအပ်ခဲ့ရာ စုစုပေါင်းငွေကျပ် ၁၀၄၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးခဲ့သည်။ ထို့နောက် ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိရာ အဆိုပါစနစ်တွင် လူငယ်များအနေဖြင့် မိမိတို့အရည်အချင်းများအလိုက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အားဆန့်ကျင်ကာ လက်နက်ကိုင်ဆောင်တိုက်ပွဲဝင်သူမှန်သမျှမှာ ပြည်သူလူထု၏အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းမဟုတ်သည့်အတွက် နောက်ဆုံးတွင် ကျရှုံးသွားကြသည်မှာ မြန်မာ့သမိုင်းတွင်ကြုံတွေ့နေရသောဖြစ်ရပ်မှန်ဖြစ်သည်။ အချိန်မီအသိတရားရရှိ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား နိုင်ငံတော်အစိုးရနှင့်တပ်မတော်က မလိမ္မာတစ်ခါမိုက်တတ်သည့်လူငယ်များ၏ သဘောသဘာဝကိုသိရှိပြီးဖြစ်သည့်အတိုင်း နွေးထွေးစွာကြိုဆို၊ ကောင်းမွန်စွာပြုစုစောင့်ရှောက်ပြီး မိဘအုပ်ထိန်းသူများထံအပ်နှံပေးခြင်းမှာ ကောင်းသောဆောင်ရွက်ချက်များဖြစ်သည်။

မိဘများအနေဖြင့်လည်း အသက်မသေဘဲ မိမိတို့ရင်ခွင်ထဲပြန်လည်ရောက်ရှိလာသည့်သားသမီးများကို ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းသာပီတိဖြစ်နေကြသည်။ လူငယ်များအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများတွင် ဆက်လက်ရှိနေမည်ဆိုပါက ၎င်းတို့၏အနာဂတ်မှာဆုံးရှုံးမှုများနှင့်သာ ကြုံတွေ့နေမည်ဖြစ်သည်။ **ဥပဒေဘောင်အတွင်းဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရသည့်အတွက် အမြန်ဆုံးဝင်ရောက်လာခြင်းဖြင့် မိဘဆွေမျိုးများနှင့်အေးအတူပူအမျှနေထိုင်လုပ်ကိုင်သွားလာနိုင်သည့်အခွင့်အရေး၊ လုံခြုံစိတ်ချသည့်အနေအထားသို့ရောက်ရှိမည်ဖြစ်ပေရာ နီးစပ်ရာတပ်၊ ဌာနများသို့ ဆက်သွယ်ဝင်ရောက်ကြရန်ဖြစ်သည်။** နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး မိဘအုပ်ထိန်းသူများထံအပ်နှံလျက်ရှိရာ အားလုံးမြင်တွေ့သိရှိနိုင်သည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ရွှေဘိုမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၂၆၀၀ စိုက်ပျိုးပြီးစီး

ရွှေဘို ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၂၆၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ရွှေဘိုမြို့၌ ပဲကြီး ၃၄၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ခင်ဦးမြို့နယ်၌ ၄၈၈ ဧကနှင့် ဝက်လက်မြို့နယ်၌ ၂၁၁၂ ဧက စုစုပေါင်း ဧက ၂၆၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပဲကြီး ဧက ၃၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဧက၂၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းကပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်၌ ဧက ၁၃၅၀ နှင့် ဝက်လက်မြို့နယ်၌ ၂၁၂၅ ဧက စုစုပေါင်း ၃၄၇၅ ဧကတို့ဖြစ်သည်။

ရွှေဘိုခရိုင်၌ ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ (၄၀၉)

# မြို့သစ်မြို့နယ်၌ နွေစပါးနှင့်နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေ

မြို့သစ် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၆ ခုနှစ် နွေစပါးနှင့်နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖေဖော်ဝါရီလပထမပတ်မှစတင်၍ စိုက်ပျိုးရေပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ တောင်သူများ နွေစပါးနှင့် နွေသီးနှံ(နှမ်း)စိုက်ပျိုးရာတွင်ရေရရှိရေးအတွက်မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နတ်မောက်ဆည်ရေလှောင်တမံမှ ၆၀၁၄ ဧက၊ ပုလင်းဆည်ရေလှောင်တမံမှ ၇၄၆ ဧက၊ စွန်ဆည်ရေလှောင်တမံမှ ၂၁၅၈ ဧကနှင့်ဆဒ္ဒန်ဆည်ရေလှောင်တမံမှ ၉၅၈ ဧက စုစုပေါင်းနွေစပါးနှင့်နွေနှမ်းလျာထား ၉၈၇၆ ဧကအတွက် စိုက်ပျိုးရေလုံလောက်စွာပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပေါ်တင့်ထံမှသိရသည်။ **ဝင်းအိစွန်(ပြန်/ဆက်)**

# သရက်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဆေးကုသမှုများဆောင်ရွက်

သရက် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းအခမဲ့စစ်ဆေးပေးလျက်ရှိပြီး ဖေဖော်ဝါရီလ ၁၈ ရက်နံနက်ပိုင်းတွင် ခရိုင်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် အငြိမ်းစားဝန်ထမ်းများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ ဆီးချိုသွေးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးကြောင်းသိရသည်။

**ဇော်ထက်(သရက်)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လေးလကျော်ကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးညို့သည်ကိုးသိန်းကျော်လာရောက်



ကျိုက်ထို ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၆ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်အထိ လေးလကျော်ကာလအတွင်း ပြည်တွင်း၊ ပြည်ပဘုရားဖူးညို့သည်ကိုးသိန်းကျော် လာရောက်ခဲ့ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ထိုသို့လာရောက်ဖူးမြော်ခဲ့ကြသော ပြည်တွင်းဘုရားဖူးများတွင် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့မှ အများဆုံးဖြစ်ပြီး တခြားသောအနယ်နယ်အရပ်ရပ်မှလည်း အများအပြားလာရောက်ဖူးမြော်ကြကြောင်းနှင့် ပြည်ပဘုရားဖူးညို့သည်များတွင် ထိုင်းနိုင်ငံမှ အများဆုံးဖြစ်ကြောင်း သိရသည်။

ဘုရားဖူးလာရောက်သူများအနေဖြင့် တောင်တက်ကားများဖြင့်ဖြစ်စေ၊ ခြေကျင်ဖြစ်စေ တက်ရောက်နိုင်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၆ ရက်ကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်အထိ လေးလကျော်ကာလအတွင်း ပြည်တွင်း၊ ပြည်ပဘုရားဖူးညို့သည်ကိုးသိန်းကျော်လာရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၂ ရက်ကနေ ၁၇ ရက်အထိ အစိုးရရုံးပိတ်ရက်ခြောက်ရက်က ရက်ရှည်ပိတ်ရက်ဖြစ်တဲ့အတွက် လာရောက်တဲ့ ဘုရားဖူးညို့သည် ၉၈၀၀၀ ကျော်ရှိပါတယ်" ဟု ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ဦးစိုးလှကပြောသည်။

ယခုအခါ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ကြသော ဘုရားဖူးညို့သည်များ အခမဲ့တည်းခိုနိုင်စေရန် ရင်ပြင်တော်ပေါ်နှင့်အနီးဝန်းကျင်ရှိ ဓမ္မာရုံများ၌ နေရာများစီစဉ်ပေးထားသည့်အပြင် အခပေးတည်းခိုနိုင်သော ဟိုတယ်များနှင့်တည်းခိုခန်းများကိုလည်း ဖွင့်လှစ်ထားကြောင်း၊ ထို့ပြင် ထမင်းဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

ဘုရားဖူးညို့သည်များ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် တောင်တက်ကားအစီးရေ ၁၅၂ စီးကို ကြံ့ခိုင်ရေးပိုင်းများ အမြဲမပြတ်စစ်ဆေးဆောင်ရွက်လျက်ရှိသကဲ့သို့ လိုအပ်လာပါကလည်း ခရီးသွားပြည်သူများ ကျန်းမာရေးအတွက် ဝန်ဆောင်မှုပေးနိုင်စေရန် ဘုရားရင်ပြင်တော်ပေါ်၌ ကျန်းမာရေးဆေးခန်းတစ်ခုဖွင့်လှစ်ထားကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်တက္ကသိုလ်၌ (၁၆)ကြိမ်မြောက် အဝေးသင်သင်တန်း (ပထမနေ့)ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မြိတ် ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ရှိ မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ (၁၆)ကြိမ်မြောက် အဝေးသင်သင်တန်း(ပထမနေ့)ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၇ ရက်ကကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းဖြင့် အလေးပြုကြပြီး မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိက ဘွဲ့ရမောင်/မယ်များ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိဝန်ခံမှုပြုကာ ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းအိက အဝေးသင်သင်တန်း ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူစုစုပေါင်း ၅၆၇ ဦးအား ဘွဲ့လက်မှတ်များ အသီးသီးပေးအပ်သည်။ ထို့နောက် ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းအိက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိ၊ ပါမောက္ခ(ဌာနမှူး)များ၊ တွဲဖက်ပါမောက္ခများ၊ စီမံ/သင်တန်းအရာရှိများ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် မိဘစုဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)

# မြစ်သားမြို့နယ်၌ ဆောင်းသီးနှံကုလားပဲများ စတင်ရိတ်သိမ်းနေပြီး ဈေးကောင်းရရှိ

မြစ်သား ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲဧက ၂၂၈၀၀ လျာထားစိုက်ပျိုးခဲ့ပြီး သီးနှံအထွက်နှုန်းတိုးတက်စေရန် လိုအပ်သောသွင်းအားစုများထည့်သွင်းခြင်းနှင့် ပိုးမွှားရောဂါမကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဆောင်းသီးနှံကုလားပဲများ စတင်ရိတ်သိမ်းနေပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကုလားပဲစိုက်ခင်းများ အပင်ဖြစ်ထွန်းမှုအားကောင်းပြီး ပိုးမွှားရောဂါ ကျရောက်မှုမရှိကြောင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလက စိုက်ပျိုးထားသည့် ကုလားပဲခင်းများ စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၂ တင်းခန့်ထွက်ရှိကြောင်း၊ ကုလားပဲစိုက်ပျိုးရာတွင် ယူရီးယားဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးကူညီပေးကြောင်း သိရသည်။

မြစ်သားမြို့နယ်သည် ဆောင်းသီးနှံကုလားပဲစိုက်ပျိုးပြီး ပြည်ပပို့ကုန်ပဲမျိုးစုံတိုးတက်တင်ပို့နိုင်ရေးဆောင်ရွက်နေသည့် မြို့နယ်တစ်ခုဖြစ်ပြီး ရေဆင်း(၃၊ ၆၊ ၈၊ ၁၁၊ ၁၂) ကုလားပဲမျိုးများကို စိုက်ပျိုးကြကာ မျိုးစေ့ထုတ်တောင်သူများထံမှ မျိုးစေ့များကို တောင်သူအချင်းချင်းဖလှယ်သည့်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို အတန်းလိုက်စနစ်နှင့် ကြဲပက်စနစ်တို့ဖြင့် စိုက်ပျိုးကြကြောင်း၊ အတန်းလိုက်စိုက်ပျိုးခြင်းဖြင့် အပင်ပြုစုထိန်းသိမ်းရန်လွယ်ကူခြင်း၊ မျိုးစေ့နှုန်းထားသက်သာခြင်း၊ လေဝင်လေထွက်ကောင်းမွန်၍ ပိုးမွှားရောဂါများကာကွယ်နှိမ်နင်းရန် လွယ်ကူခြင်း၊ သတ်မှတ်အပင်ရေပြည့်မီခြင်းနှင့် အထွက်နှုန်းကောင်းခြင်း စသည့်အားသာချက်များရှိ၍ အတန်းလိုက်စနစ်ဖြင့် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယူရီးယားဓာတ်မြေဩဇာပြုလုပ်နည်းသင်တန်း ပေးထားသည့်အတွက် တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ပြီး ကုန်ကျစရိတ်သက်သာသဖြင့် သုံးစွဲမှုပိုမိုများပြားလာကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# မြန်အောင်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



မြန်အောင် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခိုင်ဌေး၏ပြောပြချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို စနစ်တကျထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်မှစ၍ ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် ငါးကွမ်းရှပ်ခြောက် ပိဿာ၂၀၀၀ မှ ၃၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဖေဖော်ဝါရီလ ဒုတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းလာတာပါ။ အခု ငါးကွမ်းရှပ်ခြောက်ဈေးကလည်း အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်တွေကို ဒေသအစုံက ဝယ်လိုအားကောင်းနေတာပါ" ဟု ဒေါ်ခိုင်ဌေးကပြောသည်။

မြန်အောင်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက်ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# အရိုင်း

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'သူ သေခါနီးနေပြီ သိလား စု'

'ဟုတ်လား'

မာမီသည် စုလှိုင်၏ဘေးတွင်ဝင်၍ထိုင်သည်။ ထို့နောက် စုလှိုင်၏လက်များကို ဆုပ်ကိုင်လိုက်သည်။

'ခုနပဲ စု ဒက်ဒီကို ဖုန်းဆက်တယ်၊ သူက အဲ သူက သူမဆုံးခင် စုနဲ့တွေ့ချင်တယ်တဲ့'

'ဟင်'

'ဟုတ်တယ် စုနဲ့စကားပြောချင်တယ်လို့တောင်းပန်နေသတဲ့၊ အဲဒါ အဲဒါ'

စုလှိုင်၏ခေါင်းထဲတွင် မူးမိုင်းပြီး နောက်ကျိသွားသည်။ မာမီကို မျက်လုံးဝိုင်းကြီးများနှင့်လှမ်းကြည့်ရင်း ဘာမှပြန်မပြောမိဘဲ ငြိမ်နေမိသည်။ သူ့နှလုံးသားကို အေးစက်သောလက်ချောင်းကြီးများက လာရောက်ဆုပ်ကိုင်လိုက်သလို စိမ့်စိမ့်အေးပြီး မွန်းကျပ်လာသည်။

'သေခါနီးလူရဲ့ဆန္ဒမို့ လိုက်လျောပါလို့ ဒက်ဒီက ပြောနေတယ်'

'အို စု စု မတွေ့ချင်ဘူး'

'စု ဒက်ဒီက ကားလွှတ်လိုက်မယ်တဲ့'

'စု သူ့ကိုမုန်းတယ်'

စုလှိုင်က အော်လိုက်သည်။ ထို့နောက် ခုံတန်းလေးကို ပန်းလျှစွာ မှီလိုက်သည်။ သူဘာပြောပြော ဒက်ဒီအလိုကျအတိုင်း သွားတွေ့ရမည်ကိုကား စိတ်ထဲမှ အလိုလိုသိနေလေသည်။

'စုရယ် သေခါနီးလူကို ဒီလောက်တော့ လိုက်လျောလိုက်ပါ၊ သူ့မှာ အချိန်များများ မကျန်တော့ပါဘူး'

ဖရက်ဒီကပါ ဝင်ပြောသည်။ စုလှိုင်သည် အပြာရောင်ကောင်းကင်ကြီးကို မော့်ကြည့်နေသည်။ တိမ်ဖြူဖြူများသည် ဟိုတစ်စု သည်တစ်စု ပြန့်ကျဲနေသည်။ တိမ်တိုက်လေးများကို တစ်ခုနှစ်ခုရေတွက်ရင်း ကစဉ့်ကလျားဖြစ်နေသော စိတ်များကို ပြန်လည်စုစည်းနေမိလေသည်။

အမာညို့က ဝုန်းခနဲခုန်ထလေသည်။

'ဟယ် အဟုတ်လား'

'အဟုတ်ဗျ၊ ရေဒီယိုက အခုပဲ ကြေညာသွားတယ်'

ညီလင်းက ဝမ်းသာအားရပြောသည်။ သူသည် ယခုထိ ကလေးစိတ်ပျောက်သေးသူမဟုတ်ချေ။ ကျောင်းသာပိတ်ပါစေ၊ ဘာကြောင့်ပိတ်ပိတ် ဝမ်းသာမည်သာဖြစ်သည်။

'စာသင်ပျက်တာပေါ့ဟာ'

အမာညို့က အိပ်ရာထဲသို့ပြန်လှဲသည်။

**"အမာညို့က ညောင်နာနာပြောသည်။ သက်သက်၏ကိုယ်မှ သနပ်ခါးနံ့က သင်းပျံ့နေသည်။ ပဲကြီးဟင်းအိုးထဲလိမ့်ကျလာသလို ခြေဆုံးခေါင်းဆုံး ဘဲကျားရိုက်လိမ်းထားသည်။ အကျင့်ပါနေဟန်ဖြင့် အမာညို့၏လက်ကောက်ဝတ်ကို ဖမ်းကိုင်ကာ သွေးတိုးစမ်းလိုက်သည်။ ကံကောင်းထောက်မ၍ ပြဒါးတိုင်အဆင်သင့်ပါမလာသောကြောင့် ပါးစပ်ထဲထိုးအထည့်မခံရခြင်းဖြစ်လေသည်. . ."**

မကြာမီ ကားသံကိုကြားရသည်။ ကားမောင်းသော ဦးဆာမိသည် စုလှိုင်ကို စိုးရိမ်ဟန်နှင့်လှမ်းကြည့်နေသည်။ လွှတ်လိုက်၍ လာမည့်သာလာရသော်လည်း စုလှိုင်လိုက်လာလိမ့်မည်ဟု ထင်မိပုံမရချေ။

စုလှိုင်သည် နေရာမှ လေးလေးတွဲ့တွဲ့ ထသည်။ ထို့နောက် ကားဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားလေသည်။

■ ■ ■ ■ ■

'မမရေ ကျောင်းတွေပိတ်လိုက်တယ်တဲ့'

ညီလင်းက အသံကျယ်ကြီးဖြင့်အော်ကာ အိမ်ပေါ်သို့ခုန်ပေါက်တက်လာသည်။

စောင်ပုံထဲတွင် ထဘီခြုံကွေးနေသော သူဖျားနေသည်မှာ သုံးရက်ရှိပေပြီ။ ထို့ကြောင့် ရေဒီယိုလာချိန်အထိ အိပ်ရာထဲတွင် နေခွင့်ရခြင်းဖြစ်သည်။ ကျောင်းမတက်ရသည်မှာလည်း သုံးရက်ရှိပြီမို့ ပေါက်ကျိုင်းကို သတိရနေသည်။ သတင်းမေးရောက်မလာသဖြင့်လည်း စိတ်တိုမိသည်။

'လက်ဇွေ့ပွဲမှာ ပြဿနာဖြစ်တာတဲ့'

ကျော်ထွန်းညို့ကပါ အခန်းထဲဝင်လာသည်။ အမာညို့၏ဘေးတွင် ဝင်ထိုင်ကာ နဖူးကိုစမ်း၍ကြည့်လေသည်။

'ပူသေးတယ်၊ နင်ထမင်းခိုးစားလား'

'စားပါဘူး'

အမာညို့သည် ထမင်းကို ဆီးသီးလောက်မက်သူမဟုတ်ချေ။ ထို့ကြောင့် ထမင်းခိုးမစားဘဲ ဆီးယိုထုပ်များကိုသာ ခိုးစားခဲ့သည်။ ဆီးယိုကြောင့်တော့ အဖျားမတက်နိုင်ဟုလည်း ယုံကြည်သည်။

'ပြီးခါနီးမှကွာ၊ ဘွဲ့ရခါနီးမှ ကျောင်းပိတ်တယ်'

ကျော်ထွန်းညို့သည် ဒီနှစ်ကုန် ဘွဲ့ရတော့မည်မို့ ကျောင်းမပိတ်စေလိုပေ။ အမာညို့ကလည်း ကျောင်းပိတ်သည်ကို မလိုလားပေ။ ကျောင်းစာကြောင့်တော့မဟုတ်။ ပေါက်ကျိုင်းနှင့်နေ့စဉ်မတွေ့ရတော့မည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်သိသည်။

'ကျွန်တော်တော့ ပျော်တာပဲ'

'ညီလင်းရာ နင့်နှယ် အမြင်ကျဉ်းလိုက်တာ'

အမာညို့က အပေါ်စီးနှင့်ပြောသည်။

'အဆောင်ကလူတွေ ကိုးနာရီအပြီး ထွက်ရမယ်တဲ့'

'ဟုတ်လား'

အမာညို့သည် မိမိလေးကိုသတိရသော်လည်း ချက်ချင်းပြန်မေ့သွားလေသည်။ ပေါက်ကျိုင်းကိုသာ သတိရသည်။ နယ်ကိုများ ချက်ချင်းတန်းပြန်သွားမလားဟု တွေးပြီး ငိုချင်လာသည်။

'မာညို'

သက်သက်၏အသံကို အလျင်ကြားရသည်။ ထို့နောက်မှ တံခါးဝသို့ ရောက်လာသည်။

'မာညို နင်ဖျားနေတယ်ဆို'

သက်သက်သည် အခန်းတွင်းလှမ်းဝင်လာရင်း စိုးရိမ်တကြီးမေးသည်။ ကျော်ထွန်းညို့က ထပြီးဖယ်ပေးလိုက်သဖြင့် ထိုနေရာတွင် တင်ပါးလွှဲဝင်ထိုင်သည်။

'ဖျားတော့ ဖျားတယ်၊ ဒါပေမဲ့ အများကြီးဟုတ်ပါဘူး၊ ကျောင်းမတက်ရရုံလောက်ပဲ'

အမာညို့က ညောင်နာနာပြောသည်။ သက်သက်၏ကိုယ်မှ သနပ်ခါးနံ့က သင်းပျံ့နေသည်။ ပဲကြီးဟင်းအိုးထဲလိမ့်ကျလာသလို ခြေဆုံးခေါင်းဆုံး ဘဲကျားရိုက်လိမ်းထားသည်။ အကျင့်ပါနေဟန်ဖြင့် အမာညို့၏လက်ကောက်ဝတ်ကို ဖမ်းကိုင်ကာ သွေးတိုးစမ်းလိုက်သည်။ ကံကောင်းထောက်မ၍ ပြဒါးတိုင်အဆင်သင့်ပါမလာသောကြောင့် ပါးစပ်ထဲထိုးအထည့်မခံရခြင်းဖြစ်လေသည်။

'သွေးတိုးနည်းနည်းမြန်တယ်'

'စိတ်လှုပ်ရှားနေတာကိုးဟ'

'ဘာလို့လဲ'

'ကျောင်းတွေပိတ်လိုက်လို့လေ'

'ဟယ် ဟုတ်လား၊ ငါမသိဘူး၊ ရေဒီယိုနားမထောင်မိဘူး၊ ဒီတိုင်း ထွက်လာတာ'

သက်သက်က တအံ့တသြပြောသည်။ အမာညို့သည် ယခုမှပင် ယမန်နေ့ညက သက်သက်အိမ်ပြန်အိပ်ကြောင်း စဉ်းစားမိသည်။ ညတွင်းချင်းမလာဘဲ မနက်လင်းခါမှ လာလည်သဖြင့် မကျေမနပ်ဖြစ်သွားသည်။

'နင်က ဘာလို့ခုမှလာတာလဲ'

'မနေ့က အသုဘသွားပို့ပြီးအပြန် ခေါင်းတွေကိုက်နေလို့ မာညို့ရဲ့၊ နင်မသိသေးဘူးလား၊ စုလှိုင်အဖေရဲ့ဟိုဒင်းဆုံးပြီလေ၊ ဆေးရုံမှာတစ်ခါတွေ့ပါရော'

'ဟင်၊ ဆုံးသွားပြီလား'

စုလှိုင်၏အမည်ကို ကြားသောအခါ ညီအစ်ကိုနှစ်ဦးစလုံး ခေါင်းထောင်လာကြပြီး စိတ်ဝင်တစားလှမ်းကြည့်သည်။ သက်သက်ပြောသော ဟိုဒင်းဟူသည်မှာ အမျိုးသမီးတစ်ဦးဦးကို ဆိုလိုခြင်းဖြစ်ကြောင်း နားလည်သော်လည်း နံပါတ်ဘယ်လောက်နည်း သူတို့မသိပေ။

**ဆက်လက်ဖော်ပြပါမည်။**

## သံတောင်ကြီးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသ

သံတောင်ကြီး ဖေဖော်ဝါရီ ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ပြသသည်။

အဆိုပါအသိပညာပေးနံရံကပ်စာစောင်တွင် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများ၊ ကလေးသူငယ်များ၏ အကျိုးစီးပွားဆောင်ရွက်ချက်များ၊ ကလေးသူငယ်များ၏အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကလေးအလုပ်သမားဟူသည် အဘယ်နည်း စသည့်အကြောင်းအရာများပါဝင်ပြီး ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် နေ့ထူးနေ့မြတ်များနှင့် လစဉ်တိုင်း အခါအားလျော်စွာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသပေးလျက်ရှိကြောင်း သိရသည်။

**နော်နော်မူ**

## မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဖွင့်လှစ်

မုဒုံ ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် မုဒုံမြို့ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) သင်တန်းဝင်းရှိ ခန်းမ၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးအောင်က သင်တန်းတွင် ရော်ဘာအထွက်နှုန်း အကောင်းဆုံးဖြစ်သော နည်းစနစ်ကို သင်ကြားပေးမည်ဖြစ်၍ သင်တန်းသားများ ကြိုးစားသင်ယူကြစေလိုကြောင်း၊ ရော်ဘာသည် စတင်စိုက်ပျိုးသည်မှ ခုနစ်နှစ်အထိ ပြုစုပျိုးထောင်ရပြီး အစေးခြစ်ရသော အရွယ်တွင်လည်း စနစ်တကျလေ့ကျင့်သင်ကြားပေးထားသည့် အစေးခြစ်လုပ်သားများဖြင့် အစေးခြစ်ရန်လိုအပ်ကြောင်း၊ အစေးကို စနစ်တကျထုတ်ယူထားပါက အပင်အိုခုတ်သည့်အခါ ရော်ဘာအသစ် အထွက်ကောင်းရရှိမည်ဖြစ်ပြီး တစ်ဧကလျှင် တန် ၅၀ မှ ၇၀ ခန့် ရရှိနိုင်ကြောင်း၊ သင်တန်းသားများကလည်း ယခုသင်ကြားသည့်နည်းပညာများကို မိမိတို့ဒေသသို့ ရောက်ရှိပါက ပြန်လည်မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရော်ဘာပညာရှင်နှင့် တာဝန်ရှိသူများက ရော်ဘာသမိုင်းကြောင်းနှင့် ကျွမ်းကျင်မှုစံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာများက တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးအား ၁၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ)နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတို့သည် ထက်ြွလုံ့လဝီရိယရှိထသော၊ သတိလည်းရှိထသော၊ စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံထသော၊ ပြုလုပ်လိုရာကိစ္စဟူသမျှ၌ စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိထသော။ ကိုယ်စိတ်နှလုံးသုံးပါးတို့ကို စောင့်စည်းလေ့ရှိထသော။ တရားသဖြင့် အသက်မွေးလေ့ရှိသော၊ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာအဖြာဖြာသည် တစ်နေ့တခြားတိုးပွားကြောင်းကို သဗ္ဗညုဘုရားရှင်က ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူကြောင်း၊ ဘုရားရှင်ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ သာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၅) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၆)တင်ပြချက်များကို လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသည့် ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးကာ ဆုံးဖြတ်ချက်ငါးရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော် ဘဒ္ဒန္တကောဝိဒက ကုသိုလ်ရသည့်လုပ်ငန်းကိစ္စများကို ဆောင်ရွက်နေကြခြင်းကြောင့် ကောင်းမှုကုသိုလ်နှင့်ပြည့်စုံသော အမျိုးကောင်းသားသမီးတို့မှာ စိတ်ကတောင့်တသည့်အတိုင်းဖြစ်လာနိုင်ကြပါစေ။ တောင့်တမှုမှန်သမျှ၊ အလုံးစုံသောအကျိုးတရားမှန်သမျှ ပြည့်စုံနိုင်ကြပါစေ။ သဒ္ဓါတရားပညာနှင့်ချင့်ချိန်ဆောင်ရွက်နိုင်ကြပါစေကြောင်း နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြဝတီ**

# လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လုပ်ငန်းများပြန်လည်ပြုပြင်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ချောင်းမကြီးရေလှောင်တမံသို့ သွားရောက်၍ ငလျင်ကြောင့် ချောင်းမကြီးဆည်မှ တစ်ရက် ရေဂါလန် ၇ ဒသမ ၅ သန်း စစ်ထုတ်ပေးနိုင်သည့် ရေသန့်စင်စက်ရုံ အမှတ်(၁)သို့ပေးပို့သော ရေပို့ပိုက်လိုင်း ပျက်စီးခဲ့သဖြင့် ချောင်းမကြီးဆည်အတွင်း ပွန်တွန်းပြုလုပ်ပြီး ရေတွန်းပန့်မော်တာ ခြောက်လုံးတပ်ဆင်၍ OD 500 mm HDPE ပိုက်လိုင်းပေ ၁၂၇၀၀ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု၊ ပွန်တွန်းမှ တစ်ရက်လျှင် ရေဂါလန် ရှစ်သန်းခန့်တွန်းပို့နိုင်မှု၊ ရေသန့်စင်စက်ရုံမှ သန့်စင်ပြီးရေများကို လွှတ်တော်နှင့်အိမ်တော်များ၊ ဇေယျာသိဒ္ဓိ ရပ်ကွက်၊ ဝန်ကြီးဌာနရုံးများ၊ ခုတင်-၁၀၀၀ ဆေးရုံကြီး၊ မြို့မဈေး၊ သပြေကုန်းဈေး၊ ကံ့ကော်အိမ်ရာ၊ ခရေအိမ်ရာ၊ သုခတော်ဝင်အိမ်ရာတို့သို့ သောက်သုံးရေပေးဝေနေမှု အခြေအနေကိုရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သောချောင်းမကြီးရေလှောင်တမံပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်အမှတ်(၁)၊ (၂)၊ (၃) ပြန်လည်ပြုပြင်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ကန်အတွင်းရှိ ဗေဒါများကိုပါ တစ်ပါတည်းဆယ်ယူရှင်းလင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ခန်းမအနီးရှိ ငလိုက်ရာဘာရေလွှဲဆည်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေလွှဲဆည် အထွက်ပိုင်း Outfall Channel ကြမ်းခင်း နိမ့်ကျမှုနှင့် Downstream cut-off ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

# (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်နည်းပြဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

(၃၈)ဖြာမင်္ဂလာတရားတော်မြတ်များကို လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်၍ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ ရတနာသီဂီကျောင်းတိုက်၌ ယနေ့နေ့လယ်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စိန္တိတာရာမနိဗ္ဗိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိန္တိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသီလာစာရက သင်တန်းဆင်းဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌ ဦးသန်းဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဗဟိုမှ ဒုတိယဥက္ကဋ္ဌ ဦးပြည့်စိုးဟန်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးသန့်စင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ၊ ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်တာဝန်ရှိသူတို့က သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှကြီးမှူး၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ဝန်းရံခဲ**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၆ ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar)တို့မှ အဓိကကူညီပံ့ပိုးသော မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၂၆ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ Phyo Si Thu Teak Plantation (Myanmar) နှင့် SAE PAING Development Ltd တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်ဂေါက်ကွင်းတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်းနှင့် Junior Golf Myanmar တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေတို့က အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ကစားသမား ၃၂ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို မျိုးဆက်သစ် ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို Alpine သောက်ရေသန့်ကလည်း ရေသန့်များ ကူညီပံ့ပိုးကြကြောင်း သိရသည်။ **မြဝတီ**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

လွိုင်ကော် ဖေဖော်ဝါရီ ၁၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ရှမ်းစုရပ်ကွက်ရှိ ရွှေကျောင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဒီးမော့ဆိုမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းမည့် ဒီးမော့ဆိုမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းဆရာတော်ဘဒ္ဒန္တသြဘာသဇေဌာဏထံ သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထုနှင့်နဝကမ္မအလှူငွေများလှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်၊ သံဃာတော်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လိုအပ်ချက်များ၊ လစ်ဟင်းမှုများမရှိစေရေး ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ရန်၊ ဆွမ်းဆန်တော်လောင်းလှူပွဲ၌ ပြည်သူများပါဝင်လှူဒါန်းနိုင်ရေး နှိုးဆော်အသိပေးရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နကျန်းပြည်နယ်ခွဲအကြား နားလည်မှုစာချွန်လွှာစိစစ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့်ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ အလေးထားလိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာန၊ အဖွဲ့အစည်းများ၏ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ပြီးစီးအောင်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ညွှန်ကြားချက်နှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဆိုပါအစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နကျန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ (မူကြမ်း)နှင့်စပ်လျဉ်း၍ စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နားလည်မှုစာချွန်လွှာစိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက နားလည်မှုစာချွန်လွှာ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြင်ဆင်ပေးပို့လာမှုအပေါ် ဆွေးနွေးဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စိစစ်ရေးကော်မတီအတွင်းရေးမှူးက နားလည်မှုစာချွန်လွှာ(မူကြမ်း)ပါအချက်များ ပြင်ဆင်ပေးပို့လာမှုအပေါ် စာပိုဒ်တစ်ခုချင်းအလိုက် ပြင်ဆင်ဖြည့်စွက်ပေးရမည့် အချက်အလက်များကို တင်ပြကြရာ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြင်ဆင်ပေးပို့နိုင်ရေးနှင့် စာချွန်လွှာမူကြမ်းပါအချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏(၁/၂၀၂၆) ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေဆိုင်ရာများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မကွေးမြို့၌ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



မကွေး ဖေဖော်ဝါရီ ၁၈

(၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မကွေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူတို့နှင့် မင်းဘူး၊ ငဖဲ၊ စေတုတ္တရာမြို့နယ်တို့မှ အရှိုချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းများမှတိုင်းရင်းသား၊ တိုင်းရင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသော ချင်းအမျိုးသားနေ့အထိမ်းအမှတ် ရိုးရာအဝတ်အစားများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# (၁၇)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ အခမ်းအနားကျင်းပ



ကလော ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု ဆောင်းဘွဲ့ရွာ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ (၁၇)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က (၁၇)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း အဖွင့်အမှာစကားပြောကြားပြီး ရန်ပုံငွေထောက်ပံ့ပေးအပ်ရာ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အာကာသပြတိုက်(ရန်ကုန်)တွင် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ၌ ပြိုင်ပွဲဝင်ပေါင်း ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်




ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင် အာကာသပြတိုက်(ရန်ကုန်)တွင် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာကာသဆိုင်ရာ ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာအာကာသအေဂျင်စီနှင့်အာကာသပြတိုက် (ရန်ကုန်)တို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၂၇ ရက်တွင် အခြေခံပညာ အထက်တန်းအဆင့် (Grade 10 – Grade 11) ပြိုင်ပွဲများကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် အခြေခံပညာမူလတန်းအဆင့် (Grade 1 – Grade 5) ပြိုင်ပွဲများကိုလည်းကောင်း၊ မတ်လ ၁ ရက်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 6 – Grade 9) ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပန်းချီပြိုင်ပွဲနှင့်ပိုစတာပြိုင်ပွဲများကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ ကာတွန်းပြိုင်ပွဲကို နံနက် ၈ နာရီမှ ၁၀ နာရီအထိ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် အာကာသဆိုင်ရာ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ဦးရေ ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲဝင်အများဆုံး အခြေခံပညာအဆင့်ပြိုင်ပွဲတစ်ခုဖြစ်ကြောင်းနှင့် ထူးချွန်ဆုရရှိသူများအား မတ်လ ၄ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားဖြင့် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူဟိန်း(ပြန်/ဆက်)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် ရောက်ရှိမည့် **“တောင်သူလယ်သမားနေ့”**ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၀-၂-၂၀၂၆)ရက် (သောကြာနေ့)ညတွင် တောင်သူလယ်သမားနေ့ဆိုင်ရာ ကျေးလက်ဒေသ ရိုးရာဓလေ့တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များဖြင့် စုပေါင်း၍ **“တို့တောင်ယာ တေးဂီတဖျော်ဖြေပွဲ”** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၂၀-၂-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ တို့တောင်ယာ တေးဂီတဖျော်ဖြေပွဲ ”ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မြို့ကြီးသူနှင့်ကျွန်တော်တို့ရွာ | ပြင်ပအဆိုရှင် |
| ၂။ | ဝမ်းဘဲအင်း | ပြင်ပအဆိုရှင် |
| ၃။ | တို့တောင်ယာတော | ပြင်ပအဆိုရှင် |
| ၄။ | ရွှေမိ | ပြင်ပအဆိုရှင် |
| ၅။ | အသက်ရှည်ဆေး | ပြင်ပအဆိုရှင် |
| ၆။ | အညာသားလေး | ပြင်ပအဆိုရှင် |
| ၇။ | မြို့ကြီးသားကိုရည်းစားလုပ်တော့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | ရွာကြီးသူစံပယ်နွဲ့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၉။ | လှည်းယဉ်တော် | ပြင်ပအဆိုရှင် |
| ၁၀။ | စိန်အိုးစည် | ပြင်ပအဆိုရှင် |
| ၁၁။ | မြို့ကြီးသားရယ်လွမ်းတယ် | ပြင်ပအဆိုရှင် |
| ၁၂။ | ရွာ | ပြင်ပအဆိုရှင် |

## သဲကုန်းမြို့နယ်၌ ဆီထွက်သီးနှံနေကြာ ၁၁၄ ဧကကို စားသုံးဆီဖူလုံစေရန် စိုက်ပျိုးထား

သဲကုန်း ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိရိုးဖလာလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများကိုအဓိကထားလုပ်ကိုင်လျက်ရှိရာ ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆောင်းရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံနေကြာ ၁၁၄ ဧကစိုက်ပျိုးထားကြောင်းသိရသည်။

သဲကုန်းမြို့နယ်ရှိ ဒေသခံတောင်သူများအနေဖြင့် ယခုနှစ်ဆောင်းရာသီတွင် ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ကြားညှပ်သီးနှံအဖြစ် စိုက်ဧကများဖြင့် ခြောက်သွေ့သောဒေသများရှိ မြေစေးမြေများ၌ နိုဝင်ဘာလတွင်စတင်စိုက်ပျိုးကြသည်။ နေကြာစိုက်ပျိုးရာတွင် အပင်ရှင်သန်ကြီးထွားစေရန်၊ အပွင့်အရွယ်အစားကြီးထွားစေရန်၊ အစေ့အဆန်အောင်မြင်စေရန် သဘာဝမြေဩဇာများဖြစ်သော နွားချေး၊ ကြက်ချေးနှင့် ဓာတ်မြေဩဇာများကိုလည်း အချိုးကျသုံးစွဲပေးရသည်။ ပိုးမွှားရောဂါကာကွယ်ရန်နှင့် အပင်ရှင်သန်ကြီးထွားစေရန်အတွက် ပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့ပက်ဖျန်းပေးရပြီး စိုက်ခင်းများအတွင်းရေသွင်းခြင်း၊ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပေးမှသာ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော ဆီထွက်သီးနှံနေကြာများရရှိကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

သဲကုန်းမြို့နယ်၌၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြေပဲ ၄၆၆၆ ဧက၊ နှမ်း ၂၃၃၉ ဧက၊ နေကြာ ၁၁၄ ဧကစိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကိုကျော်(သဲကုန်း)**

# ဖေဖော်ဝါရီလရုံးပိတ်ရက်များအတွင်း ငွေဆောင်ကမ်းခြေသို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ၂၁၂၉၂ ဦး လာရောက်လည်ပတ်

ငွေဆောင် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ ဖေဖော်ဝါရီလ အစိုးရရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ရှည်ကာလဖြစ်သော ၁၂ ရက်မှ ၁၇ ရက်အထိ ပြည်တွင်းခရီးသွားဧည့်သည် ၂၀၃၈၅ ဦး၊ ပြည်ပခရီးသွားဧည့်သည် ၉၀၇ ဦး စုစုပေါင်း ၂၁၂၉၂ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသို့ ရုံးပိတ်ရက်ရှည်များတွင် ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြားပြီး ပုံမှန် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တို့တွင်လည်း လာရောက် လည်ပတ်မှုရှိကြောင်း၊ ငွေဆောင်ကမ်းခြေသို့ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယား အစရှိသည့် နိုင်ငံခြားသားများ လာရောက်လည်ပတ်မှုများကြောင်းသိရသည်။



ငွေဆောင်ကမ်းခြေသည် ပုသိမ်မြို့မှ ၂၉ မိုင် ၄ ဖာလုံခန့်အကွာအဝေးရှိကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ခရီးသွားများ လွယ်ကူစွာသွားရောက်လည်ပတ်နိုင်သော နေရာတစ်ခုဖြစ်ပြီး ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ပါက ငွေဆောင် Night Market၊ ငှက်ကျွန်း၊ လိပ်ကျွန်း၊ မြွေကျွန်း၊ ချစ်သူများကျွန်း၊ ကျွန်းလျားရှည် အစရှိသည့် ကျွန်းများအပြင် ပုသိမ် – ငွေဆောင်ကားလမ်း ၁၉ မိုင်တိုင်ရှိ ဆင်စခန်းနှင့် ဘူးကွဲကျေးရွာအနီးရှိ မိုးမခဆင်စခန်းတို့သို့လည်း သွားရောက်လည်ပတ်နိုင်သည်။

ထို့ပြင် ငွေဆောင်ကမ်းခြေမှတစ်ဆင့် ဂေါ်ရန်ဂျီကျွန်းနှင့် ချောင်းသာကမ်းခြေသို့ Speed Boat ဖြင့် နေ့ချင်းပြန်သွားရောက်လည်ပတ်နိုင်သဖြင့် ခရီးသွားများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မိုးနဲ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ဆိုင်းဖယ်ကျေးရွာ၌ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း အဆိုပါကျေးရွာနေ ဆောင်းနေကြာစိုက်ပျိုးတောင်သူဦးကျော်လတ်ထံမှသိရသည်။

မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာကို ယခင်ကစိုက်ပျိုးသူနည်းပါးသော်လည်း ယခုအခါ စားသုံးဆီဖူလုံရေး၊မိသားစုအပိုဝင်ငွေရရှိရေးအတွက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည်။နေကြာသီးနှံကို သီးထပ်၊ သီးညှပ်စိုက်ပျိုးကြပြီး ဆောင်းနေကြာစိုက်ပျိုးခြင်းကို နိုဝင်ဘာလတွင်ကြဲပက်၍လည်းကောင်း၊ အတန်းလိုက်သော်လည်းကောင်း စိုက်ပျိုးကြသည်။နေကြာသက်တမ်းလေးလကြာလျှင် ရင့်မှည့်ခူးဆွတ်ကြရပြီး ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း ရေဆင်း-၁ မျိုးနေကြာမျိုးကောင်းမျိုးသန့်များကို ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် တောင်သူများလက်ဝယ်အရောက် နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့သည်၊ ထွက်ရှိလာသည့်နေကြာများကို မိမိတို့အရပ်ဒေသရှိ ကြိတ်စက်များဖြင့်ကြိတ်ကာ နေကြာဆီအဖြစ် မိမိတို့နေအိမ်မိသားစုစားသုံးဆီအပြင် ပြန်လည်ရောင်းချရာတွင်လည်း အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် ဆောင်းနေကြာကို မြို့နယ်ရှိ ဆိုင်းဖယ်ကျေးရွာ၊ မယ်ဇလီမြိုင်ကျေးရွာ၊ ဝမ်ဟေကျေးရွာနှင့်နမ့်မော်ဆွမ့်ကျေးရွာတို့၌ အများဆုံးစိုက်ပျိုးကြပြီး ဆောင်းသီးနှံ နေကြာ ၃၂၈ ကေကျော် စိုက်ပျိုးထားရှိကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာနှင့်သွင်းအားစုများ လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ပြည်သူချစ်တဲ့ပန်း

✤ ယောက်ျားကောင်းလို့ အမည်ကျော်
သားကောင်းစစ်သည်တော်။
ရဲရေးရောက်သော် နောက်မတွန့်
အသက်ပေးလို့စွန့်။

✤ စွန့်လွှတ်စွန့်စား စိတ်ဓာတ်ဟာ
စစ်သားဂုဏ်ရည်ပါ။
လူမျိုးဘာသာ ဂုဏ်ရောင်တိုး
နေ့စဉ် ဆောင်သယ်ပိုး။

✤ ပြည်သူအကျိုးဆို တာဝန်ကျေ
သွေးသောက်ညီနောင်တွေ။
ကြည်း ရေ လေ ပြည့်ခွန်အား
ပြည်သူကြားက ပြည်ချစ်သား။

✤ အရေးသုံးပါး ဦးထိပ်ပန်
နိုင်ငံအကျိုးမှန်။
ပြည်ဖျက်ရန် တွန်းလှန်ထား
မျိုးချစ်တို့စစ်သား။

✤ ဂုဏ်ယူဝင့်ကြွား ဘာမထီ
ရဲသွေးရဲမာန်ချီ။
ကမ္ဘာတည်ထိ မညှိုးနွမ်း
ပြည်သူချစ်တဲ့ပန်း။ ။

**မနောဖြူ**

# တောင်တွင်းကြီးမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်



တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်ငါးဦးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်မြတ်နှင့် ဝန်ထမ်းများအား မီးသတ်ဦးစီးဌာန၏ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး၏အချက်အလက်များနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်း ဓာတ်တိုက်လေ့ကျင့်ပေးကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၂-၂၀၂၆(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာ ခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ပွင့်ဖြူမြို့နယ်၌ မြေပဲကေ ၁၇၂၀ ထိ နုတ်သိမ်းပြီးစီး တစ်ကေ မြေပဲတောင့် ၅၂ ဒသမ ၁၆ တင်းနှုန်းထွက်ရှိ



ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၆၉ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါမြေပဲစိုက်ခင်းများကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်နုတ်သိမ်းရာ ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြေပဲ ကေ ၁၇၂၀ ထိ နုတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကာ တစ်ကေလျှင် မြေပဲတောင့် ၅၂ ဒသမ ၁၆ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"ဆောင်းရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် မြေပဲ ၃၁၆၉ ကေစိုက်ပျိုးနိုင်ခဲ့ပါတယ်၊အဲဒီစိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေကို လက်ရှိမှာ နုတ်သိမ်းဆောင်ရွက်လျက်ရှိပြီး ယနေ့ထိ မြေပဲကေ ၁၇၂၀ နုတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ပါတယ်။ မြေပဲနုတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီနုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီးမြေပဲများကို အမိုးအကာအောက်သို့ စနစ်တကျထားသိုသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေလုပ်ဆောင်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစေ့များတိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ GAP စနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ စားသုံးဆီဖူလုံရေးနှင့် တောင်သူများအတွက် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းများကောင်းအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံရုံသာမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် အပိုဝင်ငွေရရှိမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်လုံးဆိုင်ရာ နဝမအကြိမ်မြောက် ပရိယတ္တိပါလကစာမေးပွဲကျင်းပလျက်ရှိ

ဟိုပုံး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပရိယတ္တိပါလကအသင်းကြီးမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် မြို့နယ်လုံးဆိုင်ရာ နဝမအကြိမ်မြောက် ပရိယတ္တိပါလကစာမေးပွဲကို လွယ်အွန့်ကျေးရွာအုပ်စု ဖာလှိုင်ဗွေလွန်းကျောင်းတိုက်နှင့် နောင်တောင်းပရဟိတတပ်ဦးကျောင်း၌ ကျင်းပလျက်ရှိသည်။

ပရိယတ္တိပါလကစာမေးပွဲ ဖာလှိုင်ဗွေလွန်းစာဖြေဌာနနှင့် နောင်တောင်းပရဟိတတပ်ဦးကျောင်း စာဖြေဌာနတို့တွင် ဓမ္မာစရိယတန်း ၂၆ ပါး၊ ပထမကြီးတန်း ၂၆ ပါး၊ ပထမလတ်တန်း ၆၇ ပါး၊ ပထမငယ်တန်း ၁၄၄ ပါး၊ အခြေပြုမူလတန်း ၃၈၃ ပါး၊ ပါဒကတန်း ၁၆၀၁ ပါး စုစုပေါင်း ၂၂၄၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ချမ်းမြေ့



# နတ်မောက်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့ မီးငြှိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

နတ်မောက် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မီးသတ်ဦးစီးဌာနမှ ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာသည့်အတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၁၇ ရက်က နတ်မောက်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး၌ ဆောင်ရွက်သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးမော်နှင့်တပ်ဖွဲ့ဝင်များက အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့်ပစ္စည်းများထားရှိမှု၊ လျှပ်စစ်မီးအသုံးပြုရာတွင် သတိပြု ဆင်ခြင်သင့်သည့်အချက်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေပုံးများထားရှိမှုနှင့် ရုံးတွင်း မီးသတ်ဆေးဘူးများထားရှိရေး တို့ကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်နည်း သရုပ်ပြခဲ့ပြီး ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပါက အရေးပေါ်မီးငြှိမ်းသတ်နိုင်ရေး မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြှိမ်းသတ်သည့်နည်းများကို လက်တွေ့သရုပ်ပြခဲ့သည်။ အဆိုပါမီးငြှိမ်းသတ်နည်း သရုပ်ပြပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး၊ နတ်မောက်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံးတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

လှဝင်း

# ပြည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံတရုတ်စာသင်တန်းဖွင့်လှစ်

ပြည် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီလ ၁၈ ရက်တွင် အခြေခံတရုတ်စာသင်တန်း ဖွင့်လှစ်ရာ ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ရွှေဝါဖူးက အခြေခံတရုတ်စာရေးသားနည်း၊ အသံထွက်နည်း၊ အခေါ်အဝေါ်နှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ အပါအဝင် အခြေခံတရုတ်စာနှင့် ဘာသာစကားဆိုင်ရာအရေး၊ အဖတ်နှင့် ပြောဆိုနည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးရာ သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၁၈ ရက်မှ မတ်လ ၁၉ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အသိပညာ၊ အတတ်ပညာများ လေ့လာဆည်းပူးခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ လူမှုဆက်ဆံရေးနှင့် ဘာသာစကားဆိုင်ရာအသိပညာဗဟုသုတများတိုးပွားစေရန်၊ မိခင်ဘာသာစကားအပြင် တရုတ်ဘာသာစကားကိုပါ ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး Online မှ ဆွေးနွေးပို့ချ

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲ Online မှပို့ချမှုကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြုလုပ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ပို့ချပေးလျက်ရှိပြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ G-12 ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက Online ဖြင့် သင်ကြားမှုဘာသာရပ်များကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲ Online ပို့ချမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ဆိပ်ဖြူမြို့နယ်၌ ဒေသခံတောင်သူများစိုက်ပျိုးထားသည့် ရေသွင်းငရုတ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် ရေသွင်းငရုတ်များကို ကိုင်းမြေနှင့်ကုန်းမြေတို့တွင် စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများသည် ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ငရုတ်ကို ၃၃၂ ဧက စိုက်ပျိုးခဲ့ပြီး ငရုတ်စိုက်ပျိုးမှုအနေဖြင့် ထိုင်ဝမ်မျိုးစေ့များကို ဝယ်ယူပျိုးထောင်ခြင်း၊ စိုက်ပျိုးမြေပြင်ဆင်ခြင်း၊ မြေဩဇာများ ထည့်သွင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ငရုတ်သည် တစ်လလျှင် လေးကြိမ် ခူးဆွတ်ရကြောင်း၊ ငရုတ်ကို ရာသီကုန်အထိ တစ်ဧကလျှင် ပိဿာ ၆၀၀၀ ခန့် ထွက်ရှိရန်မျှော်မှန်းထားပြီး လိုအပ်သည့်သွင်းအားစု၊ စိုက်ပျိုးရေနှင့် မြေဩဇာများကို ထည့်သွင်းစိုက်ပျိုးကြကြောင်း၊ လက်ရှိတွင် ငရုတ်သီးများ ဈေးကောင်းရရှိ၍ ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက တခြားမြို့နယ်များသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝယ်လိုအားမျှတလာပါက သီးနှံဈေးနှုန်းတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းနိုင်(IPRD)



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံသီးသန့်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံသီးသန့်အစည်းအဝေးကို ယနေ့ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေးစသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စများအပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍတိုးမြှင့်နိုင်ရေး နည်းလမ်းများကိုလည်း ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုစသည့် တရားမဝင်လုပ်ငန်းများတိုက်ဖျက်ရေးအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် ပိုမိုအရှိန်မြှင့်တင်နိုင်ရေး ဆွေးနွေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြဝတီ



# ရာဂိမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံအား အကြီးစားပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရာဂိမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် ရုံးအဆောက်အအုံများနှင့် ရုံးခြံစည်းရိုးများအား အကြီးစားပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကို လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက အကြီးစားပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ရုံးအဆောက်အအုံများနှင့် ခြံစည်းရိုးများ ရေရှည်တည်တံ့ခိုင်ခံ့ရေးနှင့် ယခင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်အပေါ် သင်ခန်းစာယူကာ ကြိုတင်မြော်တွေးတည်ဆောက်ပြုပြင်ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးအား ယာယီရုံးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် ကလောမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ကလောမြို့နယ်အတွင်းရှိ အသက်ပြည့်မီပြီး နိုင်ငံသားကတ်ပြားမရရှိသေးသူများနှင့် နိုင်ငံသားကတ်ပြား လဲလှယ်၊ ပျောက်ပျက်၊ မိတ္တူလာရောက်လျှောက်ထားကြသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက် ဆောင်ရွက်ကြသည့် ပြည်သူများအား ဝန်ထမ်းများက လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြားရရှိပြီးသူများအား Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ဝန်ထမ်းများက ယာယီရုံးဖွင့်လှစ်ကာ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ စာသင်တိုက်အတွင်း၌ တောင်ကြီး၊ ကလော၊ ကွတ်ခိုင်၊ ဟိုပန်၊ မိုးမိတ်နှင့် ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မကြာမီကာလတွင် တာဝန်ယူမည့် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခရိုင်နှင့်မြို့နယ်အလိုက် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ ကျောင်းလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

ပုသိမ် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာကျောင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးမှာကြားသည်။

ထို့နောက် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပမည့် ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာကွင်းသို့ သွားရောက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံ နေကြာ၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် သီးပင်စားပင်များဖြစ်သည့် သခွား၊ ဘူး၊ ကန်စွန်း၊ ငရုတ်၊ မုန်လာဥ၊ ချဉ်ပေါင်၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီ၊ သခွား၊ သင်္ဘော စသည့် စိုက်ခင်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သီးပင်စားပင်များကို စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ စိုက်ပျိုးရန်၊ ပိုးမွှားများ ကျရောက်မှုမရှိစေရေး၊ သီးပင်စားပင်များ အချိန်မီသီးပွင့်ရေး၊ သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးအပြင်မွေးမြူရေးလုပ်ငန်းများကို တောင်သူအသိပညာပေးပြသနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်း၌ ဖူဆယ်အားကစားရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့ ကန်သုံးဆင့် အပန်းဖြေဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr. Thushara Fernando အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Dr. Thushara Fernando အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် WHO တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် WHO မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ မြဝတီ

# ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရုကာဒါရီဗစ်ချ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးခဲ့သည့်မြန်မာ-ဘယ်လာရုစ်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ၏ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုဖြစ်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် ထုတ်လုပ်မှုနယ်ပယ်အသီးသီးကို အကျိုးပြုစေမည့် နည်းပညာလွှဲပြောင်းရရှိရေးနှင့် နှစ်နိုင်ငံအကြား စီးပွားဆက်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ ပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရုကာဒါရီဗစ်ချ်အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ အလုပ်အကိုင်အမျိုးအစား ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံ ၁၀၄ မျိုး အတည်ပြုပြဌာန်းထားပြီး ၃၁၄၅၈ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ အလုပ်အကိုင်နှစ်မျိုးအတွက် ကျွမ်းကျင်လုပ်သား ၇၈ ဦးကို အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အထည်ချုပ်စက်ရုံများနှင့် ဖိနပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများက လုပ်ငန်းခွင်အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြား၍ စက်ရုံအတွင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။


မြဝတီ




# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၀၁ နာရီ ၅၂ မိနစ် ၃၅ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ထီးလင်းမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)




## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြန်မာတို့၏ နွေဦးရာသီဖြစ်သည့် ထူးမြတ်သည့်လတပေါင်း

ဆုလတ်မေ

တပေါင်းလသည် မြန်မာလများတွင် (၁၂)လမြောက်ဖြစ်ပြီး တစ်နှစ်တာ၏နောက်ဆုံးလဖြစ်သည်။ ပထမလဝက်မှာ ဆောင်းရာသီတွင်ကျရောက်ပြီး ဒုတိယလဝက်ကား နွေရာသီတွင်ကျရောက်သည်။ ဆောင်းကူးနွေစ သာယာလှသောရာသီလဖြစ်သည်။ တပေါင်းလသည် ထန်းပင်နှင့်သက်ဆိုင်သောအမည်ဖြစ်သည်။ ထန်းဖိုပင်များမှခံယူရရှိသည့်ထန်းရည်ကို မီးနှင့်ကျိုချက်ပြီး ထန်းလျက်ပြုလုပ်သည့်လဖြစ်၍ ထန်းရည်များပေါင်းစပ်ကျိုချက်ကြခြင်းဖြင့် ထန်းပေါင်းဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့် တပေါင်းလဟု ခေါ်တွင်ခြင်းဖြစ်သည်။ တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်ဖြစ်၍ **"နေ့ပူလို့ညချမ်း တပေါင်းလသရမ်း"** ဟုပင် ဆိုစမှတ်ပြုကြသည်။ ဗေဒင်အလိုကား တပေါင်းလသည် မိန်ရာသီဖြစ်သည်။ ရာသီရုပ်မှာ ငါးနှစ်ကောင်ရုပ်ဖြစ်ပြီး အင်ကြင်းပန်းနှင့်သရဖီပန်းများ ပွင့်ဖူးကြသည်။ ရာသီပွဲမှာ သဲပုံစေတီပွဲနှင့် တပေါင်းပွဲများဖြစ်သည်။

## တပေါင်းလသဲပုံစေတီပွဲ

ပတ်ဝန်းကျင်သာယာလှပသော တပေါင်းလတွင် ရှေးယခင်က သဲပုံစေတီပွဲများကို ရွှေနန်းတော်ကြီးမှစ၍ ကျေးလက်တောရွာများအထိ ဆင်နွှဲကျင်းပကြသည်။ ထို့ပြင် မြစ်ရေ၊ ချောင်းရေတို့သည်လည်း ကြည်လင်စိမ်းမြနေ၍ ရေလုပ်ငန်းလုပ်ကိုင်သော ကိုတံငါတို့အတွက် ငါးကျချိန်၊ ငါးမြူးချိန်လည်းဖြစ်သည်။ ထို့ကြောင့် ကြည်လင်သောမြစ်ရေပြင်၌ လှေငယ်များဖြင့် ကိုတံငါများ ပိုက်ကွန်ချကာ ငါးဖမ်းနေပုံကိုမြင်ယောင်မိလာအောင် မဟာအတုလမင်းကြီးက "ကိုတံငါလည်း၊ ဘာသာသောင်တင်၊ ပျော်မြူးသာရွှင်တော့တယ်၊ သဘင်လခါမီကို သဲစေတီငွေဆောင်ကမ်းက၊ လွမ်းလှတယ်လေး"ဟု ဖွဲ့ဆိုခဲ့သည်။

တပေါင်းလသို့ရောက်သောအခါ မြစ်များ၊ ချောင်းများ၌ ရေစစ်ကာ သဲခုံ၊ သောင်ခုံဖြူဖြူဖွေးဖွေးကလေးများပေါ်ထွန်းလာလေ့ရှိသည်။ ထိုရာသီသည် လယ်ထွက် ယာထွက်သီးနှံများကို ရောင်းချချိန်ဖြစ်သဖြင့် တောင်သူဦးကြီးတို့ငွေစရွှင်သည့်ရာသီဖြစ်သည်။ လယ်ယာလုပ်ငန်းများပြီးစီး၍ လုပ်ငန်းခွင်မှ အနားယူချိန်လည်းဖြစ်သည်။ ယင်းသို့အကြောင်းညီညွတ်သောအချိန်ဖြစ်၍ မြန်မာဘုရင်များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီပွဲအဖြစ်သတ်မှတ်၍ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများအထိ ခြိမ့်ခြိမ့်သဲဆင်နွှဲကျင်းပကြသည်။ သဲပုံစေတီပွဲသည် ဗုဒ္ဓဘာသာမှဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာချိန်ကပင် ရှိခဲ့သောပွဲတော်ဖြစ်သည်။

သဲပုံစေတီတည်ထားပုံနှင့် ပွဲသဘင်ကျင်းပပုံတို့မှာထူးခြားလှပါသည်။ သဲသောင်ပြင်ပေါ်က သဲဖြူလွလွ၊ ငွေရောင်တောက်နေသောသဲများကို လူငယ်လူပျို၊ လုံမပျိုလေးများက သယ်ယူကာ သဲစေတီတည်မည့်သောင်ခုံပေါ်၌ စုပုံထားရသည်။ သဲများအလုံအလောက်ရပြီးသောအခါ စနစ်တကျသန့်ရှင်းညီညာစွာသပ်ပြီး ရစ်ခွေထားသည့် ဝါးခွေကြီးများကို တစ်ဆင့်ပြီးတစ်ဆင့်တင်ကာ သဲများကိုလောင်းထည့်ရသည်။ စေတီတော်ပုံစံအတိုင်း ဖောင်းရစ်များဖြင့် အထက်ငှက်ပျောဖူးတိုင်အောင် ဝါးခွေများခံပြီး သဲများကိုထည့်ရသည်။ ဤသို့သပ်ရပ်ညီညွတ်စွာ စေတီတော်တစ်ဆူပုံသဏ္ဌာန် ပေါ်လာသောအခါ စက္ကူဖြင့်ထီးတော်ပြုလုပ်၍ ထိပ်တွင်ပန်းတိုင်ထိုးကာ တင်လှူကြသည်။ ရှေးအခါကာလမှ ယခုကာလအထိ လူတိုင်းဘုရားမတည်နိုင် စေတီပုထိုးမတည်နိုင်ကြပေ။ ငွေကြေးမတတ်နိုင်ပါက ဘုရားဒကာမဖြစ်နိုင်ပေ။ သို့သော်လည်း သဲပုံစေတီကို စနစ်တကျတည်ထားကိုးကွယ်နိုင်ပါက ဘုရားဒကာ၊ ဒကာမများ မည်သူမဆိုဖြစ်နိုင်ပေသည်။ ယနေ့ခေတ်နောက်ပိုင်းတွင် သဲပုံစေတီပွဲကျင်းပသည့်ဓလေ့တဖြည်းဖြည်းမှေးမှိန်သွားသည်။ တပေါင်းလပြည့်နေ့တွင် ဘုရားပွဲတော်များကျင်းပသည့် ဓလေ့ခေတ်စားလာခဲ့ပြီး ထိုသို့ဘုရားပွဲတော်ကျင်းပခြင်းကိုပင် "တပေါင်းလပွဲတော်"ဟု ခေါ်ကြသည်။

## သာသနာတော်၌ထူးခြားသောမှတ်တိုင်ကြီး

တပေါင်းလသည် ရာသီဥတုသာယာသည်နှင့်အမျှ သာသနာရေးတွင်လည်း မှတ်တမ်းတင်သင့်သောဖြစ်ရပ်ကြီးများပေါ်ထွန်းခဲ့သည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ အင်္ဂတိုင်းနှင့်မဂဓတိုင်းမှ ဒကာ၊ ဒကာမများအား တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကြားသိသောအခါ သားတော်ဘုရားကို ဖူးတွေ့ချင်နေသည်။ ထို့ကြောင့် အမတ်တစ်ယောက်ကို ဗုဒ္ဓထံစေလွှတ်ရာ အမတ်သည် ဗုဒ္ဓထံရောက်သောအခါ တရားတော်ကိုနာရ၍ ရဟန်းပြုသွားသည်။ မင်းကြီးလည်း နောက်ထပ်အမတ်တို့ကိုစေလွှတ်၍ ပင့်ခိုင်းသော်လည်း အမတ်များအားလုံးသည် ရဟန်းပြု၍ နေကြပြန်သည်။ ဆယ်ကြိမ်မြောက်တွင်မူ ဗုဒ္ဓဘုရားရှင်နှင့်ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကို စေလွှတ်သည်။ အမတ်သည်လည်း ရှေးကအမတ်များနည်းတူ ရဟန်းပြုပြန်သည်။ သို့ရာတွင် ခရီးလမ်းပန်းသာယာသော တပေါင်းလအချိန်သို့ရောက်သောအခါတွင်ကား လမ်းခရီးသာယာပုံတပေါင်းအလှကို ဂါထာပေါင်း(၆၀)ဖြင့်ဖွဲ့နွဲ့ကာ ကပိလဝတ်ပြည်သို့ ကြွမည့်အကြောင်း ဘုရားရှင်အား လျှောက်ထားတောင်းပန်သည်။ ဗုဒ္ဓဘုရားရှင်လည်း လက်ခံကာ တပေါင်းလပြည့်နေ့၌ ကပိလဝတ်ပြည်သို့ ကြွတော်မူခဲ့သည်။ ထို့ကြောင့် တပေါင်းလပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင်ကြွလှမ်းသောနေ့ဖြစ်သည်။ ထိုနေ့ကို အကြောင်းပြု၍ "ပြည်တော်ဝင်အခါတော်နေ့"ဖြစ်ပေါ်လာခဲ့သည်။ သာသနာတော်၌ ထူးခြားသောမှတ်တိုင်တစ်ခုဖြစ်ပါသည်။

တပေါင်းလရာသီ၏အလှသရုပ်ကို အင်းဝခေတ် ရဟန်းစာဆိုကျော် ရှင်ဥတ္တမကျော်၏တောလားတွင် တပေါင်းလ၏တင့်တယ်ပုံကို "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"ဟု ချီးမွမ်းဖွဲ့ဆိုထားသည်။ ကုန်းဘောင်ခေတ်ပြဇာတ်ဆရာကြီး ဦးကြင်ဥကလည်း "ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွန့်ငယ်တို့ ဖူးကွန့်ကိုက်စည်၊ ဘမရာ ရွှေပိတုန်းငယ်တို့၊ ချွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်၊ ရာသီတွင်စာညီပြောပေပ၊ ကျော၍သာမြဲ" ဟုလည်း ဖွဲ့ဆိုထားပါသေးသည်။

## တပေါင်းပွဲတော်

တပေါင်းလဆန်းရောက်ပြီဆိုသည်နှင့် ရွာတိုင်း မြို့တိုင်းတွင် ဘုရားပွဲတော်အတွက် ကြိုတင်ပျော်ကြစမြဲဖြစ်သည်။ ကလေးများက ကျောင်းပိတ်ရက်တွင် ဘုရားပွဲတော်နွှဲပျော်ရန်ဖြစ်ပြီး လူကြီးများအနေဖြင့် ဘုရားပွဲတွင် အလှူဒါနပြုလုပ်ရန်နှင့် တစ်နှစ်တာကာလပတ်လုံး သုံးစွဲရန်အတွက် ပစ္စည်းပစ္စယများဝယ်ယူရန်ဖြစ်သည်။ တောင်သူဦးကြီးတို့ငွေရွှင်သည့်ကာလဖြစ်၍ အညာဒေသများတွင် တစ်နှစ်ပတ်လုံးအသုံးပြုရန်ပစ္စည်းများကို တပေါင်းပွဲတော်ရှိ ဆယ့်နှစ်ပွဲဈေးသည်များထံမှ ဝယ်ယူလေ့ရှိသည်။ ဘုရားပွဲကျင်းပရာမြို့ရွာများသို့ လှည်းပေါင်းမိုးများဖြင့် အိမ်ရှိမိသားစုအကုန်ပွဲလာကြည့်ကြသည့်ဓလေ့မှာ မြန်မာတို့၏ ချစ်စရာဓလေ့ဖြစ်သည်။ ဘုရားပွဲတော်များကို ငါးရက်မှ ဆယ်ရက်အထိကျင်းပလေ့ရှိပြီး ရွှေတိဂုံစေတီတပေါင်းပွဲတော်၊ သန်လျင်ကျိုက်ခေါက်စေတီဘုရားပွဲ စသည်တို့မှာ ထင်ရှားသည့်ပွဲတော်များဖြစ်ကြပြီး မြန်မာနိုင်ငံအရပ်ရပ်မှဘုရားဖူးများ လာရောက်လေ့ရှိကြသည်။ မြန်မာနိုင်ငံ၏အကြီးကျယ်ဆုံး အထင်ရှားဆုံးသော ရွှေတိဂုံစေတီတော်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ ဤတပေါင်းလပြည့်နေ့တွင်ပင်ဖြစ်သည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့်တွဲဖက်၍ ဆွမ်းကြီးလောင်းပွဲ၊ ပဋ္ဌာန်းရွတ်ပွဲ စသည်တို့ကိုပါ ကျင်းပလေ့ရှိသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပ ရဟန်းသံဃာများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်ကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကိုလည်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဝံသမဟာဗိမာန်တော်ကြီး၌ နှစ်တိုင်းကျင်းပလေ့ရှိသည်မှာလည်း တပေါင်းလပြည့်နေ့တွင်ဖြစ်သည်။ သို့ဖြစ်ရာ တပေါင်းပွဲတော်သည် မြန်မာပြည်သူများအတွက် ဘုရားလည်းဖူးရင်း ကုသိုလ်လည်းယူကာ အလှူရှင်ကြီးများ၏အလှူဒါနကို ဝမ်းသာပီတိသာဓုခေါ်ဆိုနိုင်သော ကာလဖြစ်သည်။

## ထူးမြတ်သည့်လတပေါင်းနှင့်တပေါင်းအောင်ပွဲ

တပေါင်းလသည် မြန်မာလူမျိုးတို့၏ထူးခြားသောလတစ်လဖြစ်သည်။ တပေါင်းလအတွင်း သမိုင်းတစ်ခုဖြစ်သည့် ဆန်စပါးကိုစိုက်ပျိုးပေးကြသောတောင်သူလယ်သမားဦးကြီးများကို မြန်မာလူမျိုးတို့က ကျေးဇူးရှင်များအဖြစ် တင်စားဂုဏ်ပြုသောအားဖြင့် မတ်လ ၂ ရက်ကို **"တောင်သူလယ်သမားနေ့"**အဖြစ်လည်းကောင်း၊ မေ့မရသည့်သမိုင်းဖြစ်သည့် မြန်မာနိုင်ငံကိုရွှေရည်စိမ်လွတ်လပ်ရေးသာပေးခဲ့သည့်အတွက် စစ်မှန်သောလွတ်လပ်ရေးကို ရယူနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့သည့်နေ့ကို **"တော်လှန်ရေးနေ့"**အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ ထို့နောက် **၁၉၅၅ ခုနှစ်မှစ၍ တော်လှန်ရေးနေ့ကို "တပ်မတော်နေ့"အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။** ထို့ကြောင့် လတပေါင်းသည် မြန်မာလူမျိုးတို့အတွက် ထူးခြားသောဝိသေသများကို ဖော်ဆောင်နေသည့်လတစ်လဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ "တပေါင်းသာခေါင်လများနောင်"ဟု ဆိုထားသည့်အတိုင်း သာယာကြည်နူးဖွယ်ကောင်းလှသော လတပေါင်း၏လပြည့်ဝန်းကြီးအောက်တွင် များစွာသောစေတီပုထိုးများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို တစ်ပြိုင်တည်း တစ်ချိန်တည်း ကျင်းပကြသည်မှာ တပေါင်းလ၏ထူးခြားချက်ပင်ဖြစ်သည်။ သဘာဝအလှ တင်သာမက ဘာသာရေးအလှ၊ လူမှုရေးအလှဘက်တွင်လည်း တပေါင်းလသည် လတကာတို့၏နောင်တော်၊ သာယာမှုအပေါင်းတို့၏ ထိပ်ခေါင်ဖြစ်နေခြင်းဖြစ်သည်။

အချုပ်အားဖြင့် နွေဦးအစတပေါင်းလသည် ရွက်ဟောင်းညှာကြွေပြီး ရွက်သစ်ဝေချိန်ကာလဖြစ်သဖြင့် ကျေးငှက်သာရကာတို့ကလည်း တောမြိုင်တစ်ကြောတွင် ပျော်ရွှင်မြူးထူးကာ နွေရိပ်ကို ခိုလှုံကြသည်။ ထိုသို့ထူးကဲသာယာသည့်တပေါင်းလတွင် ယမ်းခိုးယမ်းငွေ့များအကြား သွေးသစ်လောင်းခဲ့သည့် မြန်မာ့အတိတ်ကာလသမိုင်းကြောင်း၌ ဖက်ဆစ်တို့ကို အမိမြေမှတွန်းလှန်ပြီး မြန်မာ့သတ္တိ၊ မြန်မာ့သွေးကိုပြသနိုင်ခဲ့ကြောင်း ဤလတပေါင်းက ပြန်ပြောင်းသတိပေးနေသလို ခံစားရပါသည်။ မည်သို့ဆိုစေ တပေါင်းလရာသီသည် မြန်မာတို့၏နွေဦးရာသီဖြစ်သည်။ နွေဦးဆိုသည်မှာ အသစ်အသစ်သောသဘောတရားများဖြစ်ပေါ်မည်ကို သိကြရမည်သာဖြစ်သည်။ သို့ပါ၍ တပေါင်းလသည် ပင်မြင့်ထက်ရှိ ရော်ရွက်ဝါများ လေအဝင့်တွင် ကြွေလွင့်ရခြင်းကို သတိသံဝေဂယူ၍ အားမာန်သစ်စေသောလဖြစ်သလို ဘုရားပွဲများကျင်းပလှူဒါန်းကြ၍ ကုသိုလ်ကောင်းမှုများပွားများရသောလဖြစ်သဖြင့် ထူးမြတ်သောလတပေါင်းဟု တင်စားချင်ပါတော့သည်။ ။

✤ တပေါင်းလအတွင်းသမိုင်းတစ်ခုဖြစ်သည့် ဆန်စပါးကိုစိုက်ပျိုးပေးကြသော တောင်သူလယ်သမားဦးကြီးများကို မြန်မာလူမျိုးတို့က ကျေးဇူးရှင်များအဖြစ် တင်စားဂုဏ်ပြုသောအားဖြင့် မတ်လ၂ ရက်ကို "တောင်သူလယ်သမားနေ့" အဖြစ် . . .

✤ "တပေါင်းသာခေါင်လများနောင်"ဟု ဆိုထားသည့်အတိုင်း သာယာကြည်နူးဖွယ်ကောင်းလှသော လတပေါင်း၏လပြည့်ဝန်းကြီးအောက်တွင် များစွာသော စေတီပုထိုးများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို တစ်ပြိုင်တည်း တစ်ချိန်တည်း ကျင်းပ . . .

✤ နွေဦးအစတပေါင်းလသည် ရွက်ဟောင်းညှာကြွေပြီး ရွက်သစ်ဝေချိန် ကာလဖြစ်သဖြင့် ကျေးငှက်သာရကာတို့ကလည်း တောမြိုင်တစ်ကြောတွင် ပျော်ရွှင်မြူးထူးကာ နွေရိပ်ကိုခိုလှုံကြ. . .

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၆ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးမင်းအောင်အား **ကျန်းမာရေးအရ** ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ **တာဝန်မှအနားယူ**ခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၇ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးမြတ်စံအား ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တက္ကသိုလ်/ ကောလိပ် ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

တက္ကသိုလ်/ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၈)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား၊ စီမံဌာနများမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဆရာ၊ ဆရာမများ၏ နည်းပေးလမ်းပြကောင်းမှသာ မျိုးချစ်စိတ်ရှိပြီး အကျင့်စာရိတ္တကောင်းမွန်သော၊ အရည်အချင်းပြည့်ဝပြီး အသိဉာဏ်ဖွံ့ဖြိုးသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရာတွင်တက္ကသိုလ်/ကောလိပ်များ၏အဆင့်မြင့်ပညာရေးကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ ဆရာ၊ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူအားထားရသော ဝန်ထမ်းကောင်းများဖြစ်စေရေး တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၂ ဦး၊ သင်တန်းသူ ၃၁၂ ဦး စုစုပေါင်း ၃၅၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၁၈ ရက်မှ မတ်လ ၂၀ ရက်အထိ ရက်သတ္တငါးပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# သီးနှံများအထွက်တိုးရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

သီးနှံများအထွက်တိုးရေးအတွက်ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့်အင်းဆက်၊ သတ္တဝါများ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းကာ ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့်အင်းဆက်၊ သတ္တဝါများနှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာဂေဟဗေဒဘာသာရပ်ကို စနစ်တကျလေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း၊ ပျားနှင့်အင်းဆက်ပိုးမွှားများသည် စိုက်ပျိုးသီးနှံများ၏ဝတ်မှုန်ကူးမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ယင်းတို့၏ဝတ်မှုန်ကူးဆောင်ရွက်မှုကြောင့် သီးနှံအထွက်နှုန်းများ သိသိသာသာ တိုးတက်လာကြောင်း၊ ကမ္ဘာပေါ်ရှိ ပန်းပွင့်သည့်အပင်များ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ဝတ်မှုန်ကူးပြီး သန္ဓေအောင်မြင်ရန်အတွက် ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့် အင်းဆက်၊ သတ္တဝါများအကူအညီကို ရယူကြရကြောင်း ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲကို ပျားနှင့် အင်းဆက်ပိုးမွှားများ၏ သီးနှံအထွက်နှုန်းအပေါ် သက်ရောက်မှုဆိုင်ရာ ဗဟုသုတများကို မျှဝေနိုင်ရန်၊ ဝတ်မှုန်ကူးမှုအထောက်အကူပြုသော ပျားနှင့် အင်းဆက်၊ သတ္တဝါများ၏ ဂေဟစနစ်အတွင်း အရေးပါမှုနှင့် စိုက်ပျိုးရေးထွက်ကုန် တိုးတက်ရေးအတွက် မည်ကဲ့သို့ အထောက်အကူပြုကြောင်း နက်ရှိုင်းစွာဆွေးနွေးသုံးသပ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ် / ကောလိပ် ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တက္ကသိုလ်/ကောလိပ်ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း၊ ပါတီနိုင်ငံရေး ကင်းကင်းရှင်းရှင်းဖြင့် ပညာရေးရည်မှန်းချက် လုပ်ငန်းတာဝန်များကို တစိုက်မတ်မတ် လုပ်ဆောင်အကောင်အထည်ဖော်ကြရန်နှင့် နိုင်ငံ၏ စီမံအုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်နှင့် အောင်မြင်စွာလည်ပတ်နိုင်ရေး၊ နိုင်ငံတော်အတွက်အားထားရသည့်မျိုးဆက်သစ် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ရှစ်ခုမှ သင်တန်းသား ၆၇ ဦး၊ သင်တန်းသူ ၃၀၇ ဦး စုစုပေါင်း ၃၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့် ညအပူချိန်များ

၁၈-၂-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| သီပေါ | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

# ရေနံချောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး Online စနစ်ဖြင့် ဆွေးနွေးပို့ချ



ရေနံချောင်း ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး Online စနစ်ဖြင့် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

အဆိုပါ Online ဆွေးနွေးပွဲကို ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမနှင့် ရွှေပါရမီအဆောင်တို့တွင် ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ မကွေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများက Online စနစ်ဖြင့် သုံးရက်ကြာဆွေးနွေးပို့ချသွားမည်ဖြစ်ရာ အခြေခံပညာအထက်တန်းအဆင့်ကျောင်းခုနစ်ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းသုံးကျောင်းမှ ဆရာ၊ ဆရာမ ၅၀ ဦး၊ Grade-12 ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦး တက်ရောက်လျက်ရှိပြီး ကျန်းမာရေး၊ လုံခြုံရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာအဖွဲ့များက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရေနံချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅၆ ဒသမ ၇၄ ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီး ဂုဏ်ထူးရ ဦးရေ ၆၄ ဦးရှိကြောင်း၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယခင်နှစ်ကထက် အောင်ချက်ပိုမိုမြင့်မားရေး ဘာသာရပ်ဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် ယခုပညာသင်နှစ်တွင် ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းအသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် လျှောက်ထားသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၃၆၄ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စိုးသူအောင်**

# တိုက်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ကွင်းဆင်းဆောင်ရွက်



ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူကျေးရွာအုပ်စုရှိ တောင်သူ ဦးကျော်ဝင်းအောင်၏ ဆီထွက်သီးနှံနေကြာစိုက်ခင်းများနှင့် Drum Seeder ဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုရှိတောင်သူဦးတင်အောင်ကျော်၏ Drum Seeder ဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်ခင်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၁)ရပ်ကွက်အနီး ရေကြီးရေလျှံမှုကာကွယ်ရေးတာနှင့်အဖျောက်မြို့ မြစ်ကမ်းပါး ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ်ပန်းတုန်းပိတ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအုပ်စုတွင် သပြေတန်းလျှပ်စစ်မြစ်ရေတင်အစီအစဉ်ဖြင့် မြစ်ရေပေးဝေနေမှုနှင့် Solar များတပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်သည့် တိုက်ကြီးမြို့နယ်ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ-ရွာသာလမ်း မိုင်တိုင်(၂၁)မိုင်မှ (၂၂)မိုင်အတွင်း ၁၈ ပေအကျယ် ကွန်ကရစ်လမ်းတိုးချဲ့ဆောင်ရွက်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

### ❒ ဆောင်းသီးနှံမှ

တိုးတက်စေဖို့အတွက် ဒေသခံတောင်သူတွေကို ပဲမျိုးစုံသီးနှံများ တိုးချဲ့စိုက်ပျိုးကြဖို့၊ စိုက်နည်းများ မှန်ကန်အောင် စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့၊ ပိုးမွှားရောဂါ ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေကို သေချာစွာလုပ်ဆောင်ကြဖို့ စတဲ့တောင်သူပညာပေးတာတွေ ကြိုးပမ်းဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့တဲ့ ပဲသီးနှံစိုက်ခင်းတွေကို စတင်သိမ်းဆည်းနေကြပါတယ်။ ဒီနေ့ထိ ပဲမျိုးစုံသီးနှံ ၁၄၂၆ ဧက ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားရောဂါ ဝင်ရောက်မှုမရှိတဲ့အတွက် သီးနှံအထွက်နှုန်းတွေလည်း ကောင်းမွန်ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၇၂ ဧက၊ ပဲကြီး ၄၆၇၅ ဧက၊ ပဲကျား ၁၈ ဧက၊ စားတော်ပဲ ၃၄၈၀ ဧက၊ ကုလားပဲဧက ၆၂၀၂၀၊ ပဲလွမ်း ၂၁၇၃ ဧက၊ ပဲနောက် ၂၇၆ ဧက၊ ပဲယဉ်း ၁၁၄ ဧက၊ ထောပတ်ပဲဧက ၉၅၈၀၊ အခြားပဲ ၁၂၉ ဧက စုစုပေါင်းပဲမျိုးစုံသီးနှံ ၈၂၆၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲမျိုးစုံသီးနှံများအနက် မတ်ပဲ ၇၂ ဧက၊ ပဲလွမ်း ၁၁၅၂ ဧက၊ ပဲကျား ၁၂ ဧက၊ ပဲနောက် ဧက ၁၉၀ တို့ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကာ သီးနှံအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် မတ်ပဲ ၁၆ ဒသမ ၃၁ တင်း၊ ပဲလွမ်း ၁၆ ဒသမ ၅၄ တင်း၊ ပဲကျား ၁၆ ဒသမ ၆၇ တင်း၊ ပဲနောက် ၁၂ ဒသမ ၅၃ တင်းနှုန်းစီ ထွက်ရှိသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံဖျက်ပိုးမွှားများကျရောက်မှုကင်းရှင်းစေရေး၊ သဘာဝမြေသြဇာစနစ်တကျသုံးစွဲတတ်စေရေးနှင့် အထွက်နှုန်းများကောင်းမွန်စေရေးအတွက် သီးနှံအချိန်မီ ရိတ်သိမ်းခြွေလှေ့နည်းစနစ်များ စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်)နဂါးအား လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

### ➢ ကျောဖုံးမှအဆက်

အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်)နဂါးနှင့် ၎င်း၏ မိသားစုဝင်များသည် လက်နက်မျိုးစုံ ၆ လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်လုံခြုံရေးတပ်စခန်းတစ်ခုထံသို့လာရောက်ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။

PDF အပါအဝင်အခြားသောအကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်မြေခံပြည်သူလူထုများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများလုပ်ဆောင်လျက်ရှိသည့်အပြင် အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ နယ်မြေလုခြင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း စသည်တို့ဖြစ်ပေါ်လာခဲ့ခြင်းတို့ကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးအနေဖြင့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်နေမှုများအား မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏ မိသားစုဝင်များအား နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါးအကူအညီများနှင့်အုပ်ချုပ်မှုကိစ္စရပ်များအား အဆင်ပြေမှုရှိစေရေးဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့် စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့်သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။







◆ ရှေ့ဖုံးမှအဆက်

တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို

ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

"ကျွန်တော်က ဒီပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၂)ကို မည်သူတစ်ဦး တစ်ယောက်ရဲ့တိုက်တွန်းချက်၊ တားမြစ်ချက်နဲ့မဟုတ်ဘဲနဲ့ မိမိ၏သဘောဆန္ဒအလျောက်နဲ့ လာတက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ပြည်သူ့စစ်မှုထမ်းသင်တန်းကို မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်တိုင်းပြည်ကို ကိုယ်ကျရာအခန်းကဏ္ဍကနေ ကာကွယ်ချင်တဲ့ စိတ်ဆန္ဒတစ်ခုနဲ့ လာတက်တာပါ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်ကလည်း အင်အားရှိလာမှာပါ။ နိုင်ငံသားတိုင်း မဖြစ်မနေတက်ရောက်ရမယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းဖြစ်တဲ့အတွက်ကို နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲ့အတွက် နောင်လာမယ့် ညီငယ်လေးတွေကိုလည်း ဒီနေရာကနေဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်မိသားစုအတွက်ကို ကာကွယ်ရာရောက်ပါတယ်။ ဒီသင်တန်းမှာ ပို့ချတဲ့အရာတွေကို စည်းကမ်းတကျနဲ့ သေချာလေ့ကျင့်လိုက်နာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက် တကယ်အားကိုးအားထားရတဲ့ နိုင်ငံသားကောင်းတွေဖြစ်မယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်။ ရဲရဲဝံ့ဝံ့လည်းအာမခံပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ ဒီပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၂)ကို ကျွန်တော့် စိတ်ဆန္ဒ၊ ကျွန်တော့်သဘောနဲ့ ဝါသနာပါလို့ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့စစ်မှုထမ်းဆိုတာကလည်း နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ရမယ့် အရာတစ်ခုဖြစ်တဲ့အတွက်ကို မြန်မာနိုင်ငံသားတိုင်းအတွက် ဂုဏ်လည်းရှိတယ်။ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ကို ဒီသင်တန်းကျောင်းကြီးကနေပြီးတော့ အကောင်းဆုံး သင်ကြားပို့ချပေးတာဖြစ်တဲ့အတွက် ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့၊ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ပြည်သူ့စစ်မှုထမ်းဆိုတာမဖြစ်မနေ ပါဝင်ဆောင်ရွက်ရမယ့်အရာတစ်ခုဖြစ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်ဖို့ဆိုတာကတော့ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးပေါ့။ အရင်တုန်းက အရပ်သားဘဝမှာ နေချင်သလိုနေခဲ့တယ်။ စားချင်သလိုစားခဲ့တယ်။ သွားလာနေထိုင်ခဲ့တယ်။ ဒါပေမဲ့ တပ်မတော်သားတစ်ယောက်ဖြစ်ဖို့အတွက်ဆိုရင် စည်းကမ်းတကျနဲ့ စစ်စည်းကမ်းအရနေရမယ်။ ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ ကိုယ်ဝါသနာပါလို့ဝင်ရောက်လာတယ်။ နိုင်ငံတော်ကို ကာကွယ်ချင်တယ်။ ကိုယ့်မိသားစုကို ကာကွယ်ချင်တယ်ဆိုရင်တော့ ဘယ်လိုအခက်အခဲမျိုးကိုမဆို အကောင်းဆုံးကြိုးစားပြီးတော့ ဆောင်ရွက်သွားရမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်"ဟုပြောသည်။

(၁၀၀)

# (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိစစ်ကြောရေးနှင့်တည်းခိုရေး စခန်းစစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများ နှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအားအလေးပြုပြီးနောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက တပ်မတော် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့၏ သရုပ်ပြတီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီလ၂၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်ရိုးညွှန်းတမ်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းနှင့် ကဏ္ဍအလိုက်ကျွမ်းကျင်သည့် အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့်မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်သည့် မှတ်တမ်းစာအုပ်ပြုစုရေးသားရန် အဖွဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ Grade-12 မအောင်မြင်သူများအတွက် ပညာသင်ယူခွင့်လမ်းကြောင်းနှင့် Grade-9 ပြီးမြောက်ပြီး အထက်တန်းမတက်ရောက်သူများအတွက် ဆက်လက်ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ပညာသင်ယူခွင့် အခွင့်အလမ်းလမ်းကြောင်း (Pathways) အဆင့်ဆင့်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးတွင်လုပ်ဆောင်နေသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများဖြစ်သည့် Job Ready Skills များ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များနှင့်ပတ်သက်၍ Grade-10 မှစတင်သည့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ငါးနှစ်တာကာလအတွင်း ပညာရေးနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများကို ပြုစုရေးသားရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် အခြေပြကားချပ်(Chart)နှင့်အစီရင်ခံစာ (Report)ရေးသားရာတွင် နိုင်ငံတော်အစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲခြင်းနှင့် ပညာရေးအဆင့်အတန်းနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးဆောင်ရွက်ပေးနိုင်ခြင်းတို့အတွက် မှတ်တမ်းစာအုပ်ထည့်သွင်းပြုစုထားရှိရန်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍထင်ရှားသည့်ပြုပြင်ပြောင်းလဲမှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးနိုင်ခဲ့သည့် မှတ်တမ်းများကို ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှု၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှု၊ ပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ မှတ်တမ်းစာအုပ်ပြုစုနိုင်ရေးအချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်များ၊ သင်ရိုးပြုစုရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်သင်အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Fishery entrepreneurs ship large volume of sturgeon fish to Yangon market



NYAUNGDON February 18

Local merchants from Nyaungdon Township of Ayeyawady Region stated that they sold sturgeon fish to Yangon market .

From Nyaungdon Township, up to 75,000 viss of carp were transported and sold to the Yangon market, according to reports. The increase in shipments was attributed to stronger demand for carp from the Yangon market.

"At present, carp prices are not bad, and business conditions are manageable. Shipments of carp increased because supplies entering warehouses on this side are limited, while buyers in Yangon are actively purchasing locally sourced carp. Exports of carp to the Yangon market increased as early as the first week of last month. Demand for other fish species has also risen. Although purchasing demand from the Yangon market has increased, prices have not risen sharply yet," said Daw Than Than Oo, a fisheries products trader and warehouse operator from Nyaungdon Township.

In Nyaungdon Township, local fisheries traders purchase aquatic products and sell them in local markets as well as transport them to the Yangon market. Carp are currently trading at prices ranging from Ks-16,500 to Ks-19,500 per viss, according to sources.

**SMK**

# Large volume of sun-dried salt sent to Yangon market



NGAPUTAW February 18

Daw Aye Myat, the owner of sun-dried salt trading wholesale in Ngaputaw Township of Ayeyawady Region stated that local salt farmers sell a large volume of sundried salt to Yangon market this year.

From Ngaputaw Township, up to 85,000 viss of locally produced sun-dried salt were transported and sold to the Yangon market, according to reports.

"We sell locally produced sun-dried salt mainly to the Yangon market. Over the past month, up to 85,000 viss of salt were transported and sold in the Yangon market. With salt trading improving in this way, salt production businesses and those connected to the sector are gaining employment opportunities and seeing better livelihoods," said Daw Aye Myat.

In Ngaputaw Township, salt producers systematically manufacture locally produced sun-dried salt and primarily sell it to the Yangon market. The sun-dried salt is currently trading at prices of up to Ks-47,000 per 10 viss. The locally produced sun-dried salt is mainly used in the production of fish paste, dried fish, fish sauce, and related products, according to sources.

**SK**

# Kawlin District expands sown acreage of groundnut this year

KAWLIN February 18

Local farmers expanded their sown acreage of growing groundnut in Kawlin District of Sagaing Region this year, according to the district Agriculture Department.

During the 2025-2026 cool-season cultivation period, Kawlin District planned to cultivate 9,088 acres of groundnut (peanut). Planting began in October last year, and as of today, cultivation has been completed on 6,002 acres in Kawlin Township, 1,152 acres in Wuntho Township, and 2,512 acres in Pinlebu Township, bringing the total planted area to 9,666 acres, according to reports.

"This cool season, Kawlin District planned to cultivate 9,088 acres of groundnut, but planting has already been completed on 9,666 acres, exceeding the original target," said U Win Thein, District of the Kawlin District Department of Agriculture.

"At present, cultivation has surpassed the planned acreage. Groundnut cultivation is progressing successfully and showing good yields. As an oil crop, it is in a favorable condition, and groundnut cultivation has been improving year by year."

For the 2025-2026 cool-season, township-wise groundnut cultivation targets in Kawlin District were set at 6,100 acres in Kawlin Township, 2,355 acres in Wuntho Township, and 633 acres in Pinlebu Township, totalling 9,088 acres.

In Kawlin District, groundnut cultivation requires about 1.5 baskets of seed per acre, with total production costs—including seed, labour, fertilizer, and pesticides exceeding Ks-200,000 per acre. An average yield of more than 50 baskets per acre is reported.

**SK**

# Kidney bean planted on extended sown acreage in Tamu District

TAMU February 18

Farmers in Tamu District of Sagaing Region grow kidney bean on the croplands in Tamu District this year, exceeding the target cultivation, according to the district Agriculture Department.

During the 2025-2026 cultivation period, Tamu District planned to cultivate 4,295 acres of kidney bean. Planting began in October last year, and as of today, cultivation has been completed on 1,048 acres in Myothit Township, 2,813 acres in Tamu Township, and 989 acres in Khampak Town, bringing the total planted area to 4,850 acres.

"This cool season, Tamu District earmarked cultivation of 4,295 acres of kidney beans, but 4,850 acres have already been planted," said U Hla Myint, District Head of the Tamu District Department of Agriculture.

"At present, cultivation has exceeded the original target. To ensure good yields and quality, we are working together with farmers to provide quality seeds, necessary inputs, and post-harvest technologies."

For the 2025-2026 cold season, township-wise cultivation targets for kidney beans in Tamu District were set at 1,000 acres in Myothit Township, 2,295 acres in Tamu Township, and 1,000 acres in Khampak Town, totalling 4,295 acres.

In Tamu District, the Township Department of Agriculture is carrying out awareness and extension activities to help kidney bean farmers expand cultivation areas, improve yields, adopt Good Agricultural Practices (GAP), use quality seeds, and grow high-yielding varieties, it is reported.

**SMK**

## More than 8,000 acres of sunflower grown in Mingin Township



MINGIN February 18

Statistics of Mingin Township of Sagaing Region stated that local farmers planted 8,325 acres of sunflower in Mingin Township this year.

During the 2025-2026 winter crop cultivation season, Mingin Township planned to cultivate 16,335 acres of sunflower. Planting began in October 2025, and as of today, a total of 8,325 acres have already been planted, it is reported.

"During this winter crop season in Mingin Township, more than 16,000 acres of sunflower were targeted, and over 8,000 acres have already been planted. Efforts are being made to fully meet the planned acreage. To reduce reliance on imported palm oil, the expansion of sunflower cultivation as an oilseed crop is being promoted. Sunflower, as an oilseed crop, produces a higher oil yield per acre compared to other crops such as groundnut and sesame. Sunflower is cultivated only during the winter season," said Daw Hayman Kyaw Win, Township Head of the Mingin Township Department of Agriculture.

In Mingin Township, to enable the expansion of sunflower cultivation, the Township Department of Agriculture is intensifying awareness-raising and training programs, and is accelerating capacity-building trainings for both staff and farmers who plan to grow sunflower.

This year in Mingin Township, arrangements have been made to support sunflower farmers by supplying seeds, selling urea fertilizer at affordable prices, and distributing harvested sunflower seed varieties through farmer-to-farmer exchange systems.

**SMK**

## Merchants dispatch baskets of Hnanka paddy strain to Yangon market

MAWLAMYINEGYUN February 18

Traders from Mawlamyinegyun Township of Ayeyawady Region supplied a large volume of Hnanka paddy strain to Yangon market, said Daw Pa Pa Lin, the owner of rice and paddy trading depot in Mawlamyinegyun Township.

From Mawlamyinegyun Township, up to 68,000 baskets of Hnanka paddy were transported and sold to the Yangon market, according to reports. The price of Hnanka paddy is currently reported to be as high as Ks-1.47 million per 100 baskets.

"We mainly transport and sell agricultural products from Mawlamyinegyun Township to the Yangon and Pathein markets. More paddy was shipped and sold in November than in October. At present, we have also received many purchase offers for Hnanka paddy. As trading in paddy and rice has improved,



businesses involved in agricultural exports are gaining more job opportunities, and those who have stored paddy are also benefiting," said Daw Pa Pa Lin, a rice and paddy trader and warehouse operator from Mawlamyinegyun Township.

In Mawlamyinegyun Township, business operators systematically produce agricultural products, including Hnanka paddy, and primarily sell them by linking with traders in the Yangon market. These products are also being distributed and sold onward to other regions.

**SMK**

## YeU Township expands sown acreage of vegetables this year

YEU February 18

YeU District Agriculture Department stated that local farmers expanded sown acreage of vegetables rather than the target cultivation in YeU Township of Sagaing Region.

During the 2025-2026 winter crop cultivation season, YeU Township planned to cultivate 4,044 acres of vegetables. Planting began in October 2025, and as of today, cultivation has been completed on 4,243 acres, according to reports.

"During this winter crop season in YeU Township, 4,044 acres of vegetables were targeted, and planting has already been completed on 4,243 acres. The crops include mustard greens, chilies, spices, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to ensure that all vegetables are cultivated using the GAP system. We are also providing farmers with techniques to grow vegetables in a health-compliant manner with minimal chemical residues," said U Zaw Myint Tun, District Head of the YeU District Department of Agriculture.

This year, in YeU Township, the Township Department of Agriculture has been providing vegetable farmers with technical training on GAP-based cultivation, guidance to ensure that vegetables produced from farms are safe and healthy crops, and support measures to encourage the expansion of vegetable cultivation, it is reported.

In YeU Township, a wide variety of vegetables are cultivated annually according to the season. These vegetable crops have been successful and generate household income. The Township Department of Agriculture is also providing awareness and technical guidance to farmers on correct cultivation methods, pest-free farming, and the preparation and use of natural fertilizers as well as natural pesticides and pest repellents. **SK**

## Butter bean planted on more than 4,000 acres of croplands in Shwebo District

SHWEBO February 18

Shwebo District Agriculture Department stated that local farmers cultivated 4,146 acres of butter bean in Shwebo District of Sagaing Region this year.

During the 2025-2026 winter crop cultivation season, Shwebo District planned to cultivate 4,460 acres of butter bean. Planting began in October 2025, and as of today, cultivation has been completed on a total of 4,146 acres including 522 acres in Shwebo Township, 709 acres in KhinU Township, 1,900 acres in Wetlet Township, and 1,015 acres in Kyaukmyaung Sub-township.

"During this winter crop season, Shwebo District set a target of cultivating 4,460 acres of butter bean, and as of today, 4,146 acres have already been planted. Efforts are being made to fully meet the planned acreage," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

For the 2025-2026 winter crop season, the township-wise targets for butter bean cultivation in Shwebo District were set at 544 acres in Shwebo Township, 641 acres in KhinU Township, 2,260 acres in Wetlet Township, and 1,015 acres in Kyaukmyaung Sub-township, totalling 4,460 acres.

During this year's monsoon crop season in Shwebo District, local farmers have been cultivating butter bean both as a sole crop, while some farmers are practicing intercropping to earn additional income.

This year, the relevant township Departments of Agriculture in Shwebo District are providing assistance to farmers cultivating various pulse crops by supporting measures to improve yields, promoting the use of high-quality and pure seed varieties, and supplying necessary technologies. In addition, awareness activities will be carried out on the preparation and use of natural pesticides for early pest and disease prevention, as well as timely harvesting practices.

**SK**

# Russia, China and Iran hold joint naval drills

MOSCOW February 18

Russia, China and Iran will conduct joint naval exercises as part of growing military cooperation aimed at reshaping the global balance of power at sea, Russian presidential aide Nikolay Patrushev has said.

Warships from the three countries have been dispatched for maneuvers in the waters off Iran, Patrushev told the Russian news outlet Argumenty i Fakty on Tuesday. The drills are part of a joint effort to build "a multipolar world order on the oceans" in response to what he called long standing Western hegemony.

Known as Maritime Security Belt, the wargames are scheduled to take place this month in the Gulf of Oman and the northern Indian Ocean and will involve vessels and aircraft from all three countries. Originally an Iranian initiative, the drills have been conducted trilaterally since 2019, except in 2021, when China did not participate.

Patrushev said the seas are once again becoming a platform for "military aggression" and a revival of "gunboat diplomacy," citing recent tensions around Venezuela and Iran. "The West dominated the seas for a long time, right up to the beginning of this century, but now their hegemony is in many ways in the past," he said.

Separately, Iranian media reported, citing Naval Commander Hassan Maghsoodloo, that Russia and the Islamic Republic will hold combined naval drills this week.

The latest maneuvers come following the second round of Oman-mediated US-Iran indirect talks in Geneva on Tuesday over the Islamic Republic's nuclear program.

President Donald Trump unilaterally withdrew from the 2015 Joint Comprehensive Plan of Action (JCPOA) during his first term and reimposed sweeping sanctions on Iran, and The US is seeking to pressure Tehran into accepting a new nuclear deal.

The Islamic Republic insists its nuclear activities are peaceful and has repeatedly said it will not accept Washington's demand for zero uranium enrichment.

Tensions have remained high since Israel and the US carried out coordinated airstrikes on Iranian nuclear facilities last June, an operation Tehran condemned as an unprovoked violation of its sovereignty. Washington has since strengthened its military posture in the region, deploying additional naval and air assets, including a second aircraft carrier.

Iran's Islamic Revolutionary Guard Corps on Tuesday staged drills in the Strait of Hormuz, a critical chokepoint for global oil shipments, and warned it could close the waterway in the event of an attack. Around 100 merchant vessels are estimated to transit the strait each day, making any disruption potentially significant for global energy markets.

**RT**

# 38 miners killed in gas explosion in central Nigeria



ABUJA February 18

At least 38 people have been killed and many others injured following a gas explosion at a lead mining site in central Nigeria's Plateau State, local officials said on Wednesday.

The incident occurred on Wednesday morning at a site operated by Solid Mining Company in the Zurak community of Wase Local Government Area, affecting mainly miners working underground.

Preliminary reports showed that an accumulation of toxic gases, believed to be carbon monoxide, triggered the explosion in underground tunnels during peak operations.

Local tribal authorities described the scene as "catastrophic." Aliyu Adamu Idris, the acting district head, told local media that most of the victims were young men aged 20 to 35.

"It is a dark day for our community. We have lost 38 of our energetic youths to this tragedy, leaving many families in mourning," Idris said.

Alfred Alabo, police spokesperson in Plateau, said security personnel had been deployed to cordon off the site while authorities finalize a detailed briefing on the incident.

Local media, citing medical sources, reported that about 27 people are receiving treatment for severe respiratory distress, with most survivors suffering from acute inhalation of toxic fumes.

**Xinhua**

# Four killed, over dozen injured in 30-vehicle crash in U.S. Colorado

LOS ANGELES February 18

At least four people were killed and more than a dozen others injured in a 30-vehicle crash on Interstate 25 in the U.S. state of Colorado on Tuesday, authorities said.

The crash occurred shortly after 10 am. local time on the outskirts of Pueblo, a city about 180 kilometers south of Denver, according to Colorado State Patrol.

Northbound lanes of Interstate 25 were closed following the accident, while southbound lanes were also shut down due to low visibility in the area, officials said.

Traffic camera footage released by the Colorado Department of Transportation showed a large pileup involving multiple vehicles and emergency responders at the scene.

The cause of the crash remains under investigation.

**Xinhua**



# China-US desire for cooperation unshaken by circumstances - Xi

BEIJING February 18

China and the United States' commitment to exchanges and cooperation will endure no matter the shifting circumstances, Chinese President Xi Jinping said in a message to friends from the US state of Iowa.

Earlier in the day, China Central Television reported that Xi sent congratulations to Iowa residents for Chinese New Year on February 16.

"Regardless of the changes in the situation, the Chinese and American peoples' desire for exchanges and cooperation will remain unchanged, as will the friendship between the youth of the two countries," Xi was quoted by China Central Television as saying.

He also expressed hope that Iowa friends will continue to strengthen the friendship between the peoples of the two countries contribute more to China-US relations. **Sputnik**

# Russia weighs Middle East partners' views on Trump's Board of Peace

MOSCOW February 18

Russia is formulating its position regarding the invitation to join the Board of Peace established by US President Donald Trump, taking into account the views of its Middle Eastern partners, Russian Foreign Ministry spokeswoman Maria Zakharova said on Wednesday.

"Russia's position on joining the Board of Peace is being developed, including consideration of the stance of our Middle Eastern partners," Zakharova told briefing.

In January, Trump announced the formation of the Board of Peace and invited about 50 states to join. According to the White House, the organization aims to support Gaza's reconstruction and path toward peace.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Eating a diet rich in live bacteria and fermented foods could slash 'bad' cholesterol, study finds

Eating fermented foods containing live microbes - from kombucha to kefir - could help slash 'bad' cholesterol and support heart health, new research suggests.

Fermented foods high in probiotics have long been linked to improved gut diversity which over time can relieve digestive issues, support brain health and even ward off cancer.

But now Australian researchers say they could help boost levels of 'good', or HDL cholesterol, aid weight loss and support blood sugar control, lowering the risk of chronic disease.

Experts at The University of Newcastle found that people who more frequently ate foods containing live microbes saw their levels of beneficial HDL cholesterol increase, whilst blood sugar levels decreased, reducing the risk of type 2 diabetes.

Cholesterol is a type of fat, or lipid, found in all cells in the body.

Good cholesterol, or high-density lipoproteins (HDL), carry excess fat in the bloodstream back to the liver where it can be filtered out of the body.

When HDL levels fall too low, levels of so-called bad cholesterol can build up unchecked. Over time, this restricts blood flow, increasing the risk of heart attack, stroke and even dementia.

Probiotics are foods that have had living microorganisms added to them, such as kimchi, yoghurt and sourdough, which restore the natural balance of bacteria in the gut when it has been disrupted.



A lot of foods containing probiotics, like kimchi, are also high in fibre, which has been shown to slash levels of bad cholesterol by as much as 35 percent in a month.

This is because soluble fibre turns into a gel-like substance in the gut, which binds to cholesterol and stops it being absorbed into the bloodstream .

But the new findings suggests eating more live cultures could increase levels of good cholesterol - independent of LDL cholesterol levels, whilst also lowering blood glucose levels.

For the study, researchers developed a database of 200 common Australian food and drinks - and estimated how many live microbes each food contained.

Most foods including vegetables, cereals and meat fell into the low category, 21 food items were classified as moderately high in live microbes and just two foods fell into the high category: yoghurt and sour cream.

A total of 58 healthy adults who were not trying to conceive, pregnant, on weight loss medication, were included in the final study and tracked for three to six months.

The researchers estimated how much of each food group participants ate each day, in grams, and how many calories those foods provided.

Self-report questionnaires featured options ranging from 'never' up to '7 times a day.' Standard portion sizes for each foot item were derived from the most recent National Nutrition Survey data.

Overall, participants predominately ate foods in the low live-microbe group, averaging around 1.9kg a day and contributing the most calories.

Men were found to eat significantly more low live-microbe foods than women, whilst non-smokers are more fermented foods.

People who reported eating more foods containing live microbes tended to have lower body weight and BMI, smaller waist circumference, better blood sugar control and higher levels of 'good' cholesterol.

The researchers hypothesised this could be because the fermentation process triggers the production of short chain fatty acids in the colon, which have been shown to help regulate metabolism, cardiovascular and inflammatory biomarkers.

Publishing their findings in the journal Nutrition Research, the team said: 'These markers are well established as cardiometabolic risk factors because of their relationship with obesity.'

Low HDL cholesterol has long been shown to increase the risk of a major heart event by two to three per cent.

'Therefore, the consumption of foods with estimated medium and high live microbe content may have a protective role in cardiovascular disease risk management,' they added.

However, they added further studies are needed to determine causality.

The researchers also did not take into account potential confounding variables such as physical activity and alcohol intake.

They concluded: 'Evaluating both gut microbiota composition and the production of beneficial metabolites, such as shirt chain fatty acids, could provide valuable insights into the underlying mechanisms.'

Experts have previously highlighted evidence behind the link between fermented foods and increased levels of good cholesterol, with a 2024 study findings that supplementing probiotics in people with type 12 diabetes significantly increased HDL levels.

It comes as a separate study published last month found that eating nothing but porridge for just two days could help slash bad cholesterol and protect the heart.

Experts at the University of Bonn found that people at high risk of heart disease saw their levels of harmful LDL cholesterol, linked to higher risk of heart attack and stroke, drop by 10 percent after following a calorie-restricted diet made up almost entirely of porridge for two days.

The effects remained stable six weeks after the dietary intervention.

Cardiovascular disease remains the world's biggest killer, responsible for around 30 percent of deaths and long-term disability worldwide.

More than half of UK adults are now believed to be living with high levels of harmful cholesterol, which can increase the risk of heart disease, heart attack an stroke. **Mail Online**

# Tesla ကုမ္ပဏီက ပထမဆုံးသော မောင်းသူမဲ့ Cybercab ကို အောင်မြင်စွာထုတ်လုပ်နိုင်ကြောင်း ကြေညာ



Tesla ကုမ္ပဏီက ပထမဆုံးသော မောင်းသူမဲ့ Cybercab ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီလို့ ကြေညာလိုက်ပါတယ်။ ဒီကားဟာ အရင်ကားတွေနဲ့မတူပါဘူး။ လူကိုယ်တိုင်မောင်းစရာမလိုဘဲ အလို အလျောက်မောင်းနှင်ဖို့အတွက် သီးသန့် ရည်ရွယ်ပြီး အခြေခံကနေ အသစ်စက်စက် တည်ဆောက်ထားတာဖြစ်ပါတယ်။

Cybercab ရဲ့ ထူးခြားချက်က ကားထဲမှာ စတီယာရင်နဲ့ ခြေနင်းတွေလုံးဝမပါတာပဲ ဖြစ်ပါတယ်။ လူကြီးနှစ်ယောက်စီးလို့ရပြီး အပေါ်ကိုပင့်ဖွင့်ရတဲ့ တံခါးတွေနဲ့ အတွင်း ခန်းကလည်း အတော်လေး ကျယ်ကျယ် ဝန်းဝန်းရှိပါတယ်။ ကားထဲမှာ ရုပ်ရှင်ကြည့်ဖို့ ၂၀ ဒသမ ၅ လက်မအရွယ် စခရင်ကြီး လည်း ပါဝင်ပါတယ်။ Tesla ဟာ ဒီကားတွေကို "Unboxed" လို့ခေါ်တဲ့ နည်းလမ်းသစ်နဲ့ ထုတ်လုပ်ထားတာကြောင့်ကုန်ကျစရိတ်ကို အများကြီးလျှော့ချနိုင်ခဲ့ပါတယ်။

ဈေးနှုန်းကို ယူရို ၂၆၀၀၀ အောက်နဲ့ ရောင်းဖို့ရည်မှန်းထားပြီး ဖုန်းတွေလိုမျိုးပဲ ကြိုးမဲ့စနစ်နဲ့အားသွင်းနိုင်မှာပါ။ အားတစ်ခါ သွင်းထားရင် ကီလိုမီတာ ၃၂၀ ခန့်မောင်း နိုင်ပါတယ်။ အခုထွက်လာတဲ့ ကားဟာ အနာဂတ်အတွက် ရှေ့ပြေးပုံစံတစ်ခုဖြစ်ပြီး အရေအတွက်အမြောက်အမြားထုတ်လုပ်မှု ကိုတော့ လာမယ့်ဧပြီလမှာ စတင်မှာဖြစ် ပါတယ်။

**Ref: AE**

**ကိုထက်**

# ဆေးပညာတွင်ပထမဆုံးအဖြစ် အမျိုးသားတစ်ဦး အဆုတ်မပါဘဲ ၄၈ နာရီကြာအသက်ရှင်



သာမန်အားဖြင့်ဆိုရင်လူတစ်ယောက်ဟာ အဆုတ်မရှိဘဲနဲ့ အသက်မရှင်နိုင်ဘူး လို့ ထင်ရပါတယ်။ ဒါပေမဲ့ ခွဲစိတ်ဆရာဝန် အန်ကစ်ဘာရတ်ရဲ့ အမျိုးသားလူနာတစ်ဦး ကတော့ အဆုတ်မပါဘဲ ၄၈ နာရီတောင် အောင်မြင်အောင် အသက်ရှင်နိုင်ခဲ့ပါတယ်။ ဒါဟာ ဆေးပညာလောကမှာ ပထမဆုံး အကြိမ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

တကယ်တော့ အဲဒီလူနာကအဆုတ်မှာ ပိုးဝင်တာ အလွန်ပြင်းထန်နေတဲ့အတွက် အဆုတ်က ပြန်ကောင်းဖို့လမ်းမရှိတော့ဘဲ အရည်ပျော်ကျမတတ် ပျက်စီးနေခဲ့တာပါ။ သူခံစားနေရတဲ့ရောဂါက ပြင်းထန်အဆုတ် ပိုးဝင်ရောင်ရမ်းတဲ့ရောဂါဖြစ်ပါတယ်။ ဒါကြောင့် ဆရာဝန်တွေက ပျက်စီးနေတဲ့ အဆုတ်တွေကို ထုတ်ပစ်လိုက်ပြီး အဆုတ် အသစ်နဲ့အစားထိုးဖို့ စောင့်နေတဲ့အချိန်မှာ အဆုတ်အတုစနစ်ကိုအသုံးပြုပြီး နှစ်ရက် တိတိ အသက်ဆက်ပေးထားခဲ့တာ ဖြစ်ပါ တယ်။

ဆရာဝန်ကြီးဘာရတ်ရဲ့ ပြောပြချက်အရ ဆိုရင် လူနာဟာဆေးရုံရောက်တဲ့အချိန် ကတည်းက နှလုံးရပ်သွားတဲ့အထိ အခြေ အနေတော်တော်ဆိုးတယ်လို့သိရပါတယ်။ အခုလိုမျိုး အဆုတ်အတုနဲ့ အသက်ဆက် ပေးနိုင်တဲ့နည်းလမ်းမျိုးဟာ အဆုတ်အစား ထိုးဖို့စောင့်နေရင်း အချိန်အခါမရွေးသေဆုံး သွားနိုင်တဲ့လူနာများစွာအတွက် အသက် ကယ်ပေးနိုင်မယ့် မျှော်လင့်ချက်အသစ် ဖြစ်လာနိုင်ပါတယ်။

**Ref: STD**

**ကိုထက်**

# ရေခဲမှတ်မှာ အားသွင်းနှုန်းအလွန်မြန်တဲ့ မဂ္ဂါဝပ်အားသွင်းစနစ်ကို ဥရောပကုန်တင်ကားကြီးတွေမှာ အောင်မြင်စွာစမ်းသပ်နိုင်




ဥရောပနာမည်ကြီး ကုန်တင်ကားထုတ် လုပ်ရေးကုမ္ပဏီတွေဖြစ်တဲ့ MAN၊ Scania နဲ့ Volvo တို့ဟာ အဆင့်မြင့် မဂ္ဂါဝပ်အားသွင်း စနစ်ကို အလွန်အေးတဲ့ ဆောင်းရာသီမှာ အောင်မြင်စွာ စမ်းသပ်ပြသနိုင်ခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုကို "Kempower MCS Live Winter Days 2026" ပွဲမှာပြုလုပ်တာဖြစ်ပြီး အလွန်အေးတဲ့အခြေအနေမှာတောင်လျှပ်စစ် ကုန်တင်ကားကြီးတွေကို အချိန်တိုအတွင်း အားသွင်းနိုင်တယ်ဆိုတာကို သက်သေပြ ခဲ့တာပါ။

ဒီစမ်းသပ်မှုမှာ ဂျာမနီနိုင်ငံထုတ် MAN eTGX ကားဟာ ၇၅၀ ကီလိုဝပ် (750 kW) အထိ အားသွင်းနိုင်ကြောင်း ပြသခဲ့ပါတယ်။ ဒီအားသွင်းနှုန်းဟာ ကားမောင်းသမားတွေ မဖြစ်မနေနားရမယ့် ၄၅ မိနစ်အတွင်းမှာပင် ခရီးစဉ်အသစ်အတွက် အားအပြည့်ပြန်သွင်း နိုင်ဖို့လုံလောက်တဲ့ အမြန်နှုန်းဖြစ်ပါတယ်။

ဒီစနစ်ဟာ လက်ရှိအသုံးပြုနေတဲ့ အား သွင်းစနစ်တွေထက် အဆပေါင်းများစွာ ပိုမြန်တာကြောင့် ကားအစီးရေအမြောက် အမြားအတွက် အချိန်ကုန်သက်သာစေပြီး ဒါဟာ နောင်တစ်ချိန်တစ်ကမ္ဘာလုံးအတိုင်း အတာနဲ့ အသုံးပြုမယ့်စံနှုန်းတစ်ခုဖြစ်လာ မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဥရောပနိုင်ငံများပူးပေါင်းထုတ်လုပ်မယ့် ကီလိုမီတာ ၅၀၀ ကျော်ပျံသန်းနိုင်တဲ့ အသေခံဒရုန်း

ဥရောပနိုင်ငံတွေပူးပေါင်းပြီး ကီလိုမီတာ ၅၀၀ ကျော်အထိ ပျံသန်းနိုင်မယ့် အသေခံ ဒရုန်းအသစ်တွေထုတ်လုပ်ဖို့ သဘောတူ ညီချက်ရသွားပြီဖြစ်ပါတယ်။ ဒီစီမံကိန်းက ဥရောပနိုင်ငံများကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုပြီးခိုင်မာစေမှာ ဖြစ်သလို ကိုယ်ပိုင်အဆင့်မြင့် နည်းပညာ တွေနဲ့ လက်နက်ဆန်းတွေ ထုတ်လုပ်နိုင်ဖို့ အတွက် ကြီးမားတဲ့ခြေလှမ်းတစ်ခုလည်း ဖြစ်ပါတယ်။

ဒီဒရုန်းတွေဟာ ပစ်မှတ်ကို အတိအကျ ရှာဖွေတိုက်ခိုက်နိုင်တဲ့အပြင် အကွာအဝေး ကီလိုမီတာ ၅၀၀ ကျော် (မိုင် ၃၀၀ ကျော်) အထိပျံသန်းနိုင်တာကြောင့်ဝေးလံတဲ့နေရာ မှာရှိတဲ့ ရန်သူ့စခန်းတွေကိုပါ ထိထိရောက် ရောက် ချေမှုန်းနိုင်မှာပါ။ ခေတ်သစ်စစ်ပွဲ တွေမှာ ဒရုန်းတွေရဲ့ အခန်းကဏ္ဍက ပိုပြီး အရေးပါလာတာကြောင့် ဥရောပနိုင်ငံတွေ က အခုလိုမျိုးအရှိန်အဟုန်မြှင့်တင်လုပ် ဆောင်လာတာ ဖြစ်ပါတယ်။

ဒါ့အပြင် အခုထုတ်လုပ်မယ့် ဒရုန်းဟာ နောင်မှာ ပိုပြီးခေတ်မီတဲ့ လက်နက်စနစ် တွေထုတ်လုပ်ဖို့အတွက် ရှေ့ပြေးပုံစံတစ်ခု အနေနဲ့လည်း အသုံးဝင်မှာပါ။ တစ်ဖက်မှာ လည်း အမေရိကန်က ဥရောပနိုင်ငံများအနေ နဲ့ ကိုယ့်နိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ် ကို ကိုယ်တိုင်ပိုပြီးသုံးစွဲသင့်တယ်လို့ အမြဲ တိုက်တွန်းနေတာကြောင့် အခုလိုပူးပေါင်း လုပ်ဆောင်မှုဟာအချိန်ကိုက်ဖြစ်လာတဲ့ အပြင် ဥရောပရဲ့စစ်အင်အားကို ပိုမို တောင့်တင်းစေမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# လေယာဉ်မှူးတွေအတွက် ကယ်တင်ရှင်ဖြစ်လာမယ့် ဒုံးကျည်တင်ဒရုန်းအသစ် X-68A




အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သုတေသနအဖွဲ့ဟာ သူတို့ရဲ့အဆင့်မြင့် LongShot စီမံကိန်းကနေ ထွက်ပေါ်လာတဲ့ X-68A ဒရုန်းကို ၂၀၂၆ ခုနှစ်အတွင်းမှာ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းတော့ မယ်လို့ကြေညာလိုက်ပါတယ်။ ဒီဒရုန်းဟာ တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲလေယာဉ်တွေ ပေါ်ကနေ လွှတ်တင်နိုင်ပြီး ရန်သူ့ပစ်မှတ် တွေကို အဝေးကနေဒုံးကျည်နဲ့လှမ်းပစ် နိုင်မှာဖြစ်လို့ လေယာဉ်မှူးတွေအတွက် အသက်အန္တရာယ်ကင်းကင်းနဲ့ တိုက်ပွဲဝင် နိုင်မယ့် နည်းပညာအသစ်ပဲဖြစ်ပါတယ်။

ဒရုန်းရဲ့ အလုပ်လုပ်ပုံက ရိုးရှင်းပါတယ်။ ရန်သူနဲ့တိုက်ပွဲဖြစ်ပြီဆိုရင်တိုက်လေယာဉ်မှူး ကိုယ်တိုင် အန္တရာယ်များတဲ့နေရာကို သွားစရာမလိုတော့ဘဲ ဒရုန်းကိုသာလွှတ် လိုက်ရုံပါပဲ။ အဲဒီဒရုန်းက ရှေ့ကနေပျံသွား ပြီး သူ့မှာပါတဲ့ ဒုံးကျည်နဲ့ ရန်သူ့လေယာဉ် တွေကိုလှမ်းပစ်မှာပါ။ ဒါကြောင့်လေယာဉ်မှူး တွေအနေနဲ့ အဝေးကနေစိတ်ချလက်ချ ထိန်းချုပ်နိုင်တော့မှာဖြစ်ပါတယ်။

လောလောဆယ်မှာတော့ ဒုံးကျည်ပုံစံ အားလုံးက ရှေ့ပြေးအဆင့်မှာသာ ရှိနေပါ သေးတယ်။ ဒါပေမဲ့ ယခုနှစ်အကုန်ပိုင်းမှာ လက်တွေ့စမ်းသပ်ပျံသန်းတော့မှာဖြစ်ပြီး အခုနည်းပညာဟာ နောင်တစ်ချိန်ကျရင် လေယာဉ်မှူးတွေရဲ့ အသက်အန္တရာယ်ကို ကောင်းစွာလျှော့ချပေးနိုင်မှာပါ။ **Ref: IE**

**ကိုထက်**

## တာကာအီချီကို ဂျပန်ဝန်ကြီးချုပ်အဖြစ် လွှတ်တော်က တရားဝင် ပြန်လည်ရွေးချယ် တင်မြှောက်

**တိုကျို၊ နိုင်ငံရေး**

ဆာနာအီတာကာအီချီကို ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် အမျိုးသားလွှတ်တော်က ဖေဖော်ဝါရီလ ၁၈ ရက်တွင် တရားဝင် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်သည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် နှစ်ရပ်စလုံးတွင် ပြုလုပ်သည့် ဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်မှု၌ တာကာအီချီသည် ထောက်ခံမဲ အများစုဖြင့် အနိုင်ရခြင်းဖြစ်သည်။

တာကာအီချီသည် ဂျပန်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ယခုကဲ့သို့ ပြန်လည်ရွေးချယ်ခံရမှုသည် ၎င်း၏အစိုးရအဖွဲ့အပေါ် လွှတ်တော်၏ယုံကြည်မှုကို ပြသခြင်းလည်းဖြစ်သည်။ ၎င်းအနေဖြင့် ရှေ့ဆက်လုပ်ဆောင်မည့် မူဝါဒများတွင် စီးပွားရေး ပြန်လည်ဦးမော့လာစေရန်နှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ဦးစားပေးလုပ်ဆောင်သွားမည်ဟု ခန့်မှန်းရကြောင်းသိရသည်။

**Ref: Xinhua**

## ထိုင်းတပ်ဖွဲ့များအနေဖြင့် ကမ္ဘောဒီးယားနယ်မြေအတွင်း ဝင်ရောက်တပ်စွဲထားဆဲဟု ဟွန်မာနက်ပြော



**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြားဝင်စေ့စပ်ပေးထားသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ရှိသော်လည်း ထိုင်းတပ်ဖွဲ့များသည် ကမ္ဘောဒီးယားနယ်မြေတွင် ဝင်ရောက်တပ်စွဲထားဆဲဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြောသည်။

ဟွန်မာနက်သည် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့အစည်းအဝေးသို့တက်ရောက်စဉ် အင်တာဗျူးတစ်ခုတွင် ယခုကဲ့သို့ ထည့်သွင်းပြောခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် နောက်ဆုံးအကြိမ် အပစ်အခတ်ရပ်စဲရေး ရရှိခဲ့သော်လည်း နယ်စပ်အခြေအနေမှာ ထိလွယ်ရှလွယ်အခြေအနေတွင်ပင်ရှိနေသေးကြောင်း ဟွန်မာနက်ကဆိုသည်။

ထိုင်းတပ်ဖွဲ့များသည် ကမ္ဘောဒီးယားပိုင်နက်အတွင်း ကုန်သေတ္တာများနှင့်ဆူးကြိုးခွေများအသုံးပြု၍ အခိုင်အမာတပ်စွဲထားခြင်းကြောင့် ဒေသခံများနေရပ်မပြန်နိုင်သေးကြောင်း ၎င်းကဆက်ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ဖြစ်နေသောနယ်စပ်မျဉ်းကိုနည်းပညာအရပြန်စစ်ဆေးနိုင်ရန် ပူးတွဲနယ်နိမိတ်ကော်မရှင်ကို အမြန်ဆုံးအလုပ်လုပ်ခွင့်ပေးရေးအတွက် ကမ္ဘောဒီးယားအစိုးရက ထိုင်းအစိုးရကို တိုက်တွန်းထားသည်။

ထိုင်းနိုင်ငံဘက်ကမူ ၎င်းတို့အနေဖြင့် နယ်မြေကျူးကျော်ခြင်းမရှိဘဲ တင်းမာမှုလျှော့ချရေးအတွက်သာ တပ်စွဲထားခြင်းဖြစ်ကြောင်း ငြင်းဆိုထားသည်။ နှစ်နိုင်ငံကြားပဋိပက္ခများကြောင့် သိန်းနှင့်ချီသော ပြည်သူများ နေရပ်စွန့်ခွာခဲ့ရကြောင်းသိရသည်။

**Ref: ST**

## ဆာရာဒူတာတေက ၂၀၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေညာ

**မနီလာ၊ နိုင်ငံရေး**

ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေသည် လာမည့် ၂၀၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၈ ရက်တွင် တရားဝင်ထုတ်ဖော်ပြောသည်။

လက်ရှိသမ္မတ ဖာဒီနန် မားကို့စ်ဂျူနီယာ၏ အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများမြင့်တက်နေချိန်တွင် ဒုတိယသမ္မတက ယခုကဲ့သို့ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်အကြောင်းစောစီးစွာ ကြေညာလိုက်ခြင်းဖြစ်သည်။

ဒုတိယသမ္မတ ဆာရာဒူတာတေသည် သမ္မတဟောင်း ရိုဒရီဂိုဒူတာတေ၏ သမီးဖြစ်ပြီး ၎င်း၏မူဝါဒများသည် ဖိလစ်ပိုင်ပြည်သူများအတွက် ပိုမိုကောင်းမွန်သော အပြောင်းအလဲများကို ဆောင်ကြဉ်းပေးနိုင်မည်ဟုယုံကြည်ကြောင်းပြောသည်။ ယခုလက်ရှိတွင် မားကို့စ်နှင့် ဒူတာတေ မိသားစုနှစ်ခုအကြား နိုင်ငံရေးအရ မဟာမိတ်ပျက်ပြားနေမှုမှာ ထင်ရှားနေကြောင်းသိရသည်။

**Ref: ST**

## ဆိုရှယ်မီဒီယာအသုံးပြုမှု အသက်ကန့်သတ်ရန် အိန္ဒိယအစိုးရနှင့် ကုမ္ပဏီများဆွေးနွေး

**နယူးဒေလီ၊ ပြည်တွင်းရေး**

အိန္ဒိယအစိုးရသည် ကလေးငယ်များနှင့် လူငယ်များအကြား ဆိုရှယ်မီဒီယာ အလွန်အကျွံအသုံးပြုမှုကိုထိန်းချုပ်ရန် အသက်အရွယ်အခြေခံ ကန့်သတ်ချက်များချမှတ်နိုင်ရေး ဆိုရှယ်မီဒီယာကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိကြောင်း အီလက်ထရွန်နစ်နှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးကပြောသည်။

ဩစတြေးလျနိုင်ငံက အသက် ၁၆ နှစ်အောက်ကလေးများကို ဆိုရှယ်မီဒီယာ အသုံးပြုခွင့် ပိတ်ပင်လိုက်သည့် ဥပဒေ ထုတ်ပြန်မှုအပြီးတွင် အိန္ဒိယအစိုးရကလည်း ယင်းကဲ့သို့သော လုပ်ဆောင်ချက်များအတွက်ပြင်ဆင်လာခြင်းဖြစ်သည်။ အသက်အရွယ်အလိုက် ထိန်းချုပ်မှုများရှိသင့်သည်ကို ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံလာပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် Deepfakes များ တိုက်ဖျက်ရေးနှင့်အတူ အသက်အရွယ်ကန့်သတ်ရန် အကောင်းဆုံးနည်းလမ်းများကိုရှာဖွေနေကြောင်းဝန်ကြီးကပြောသည်။

**Ref: ST**

## အမေရိကန်က နျူကလီးယားစမ်းသပ်မှုများကို ပြန်လည်လုပ်ဆောင်မည်



**ဝါရှင်တန်၊ နျူကလီးယားအရေး**

အမေရိကန်နိုင်ငံသည် နျူကလီးယားစမ်းသပ်မှုများကို ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သို့သော်လေထုအတွင်း အကြီးအကျယ်ပေါက်ကွဲစေမည့် စမ်းသပ်မှုမျိုးကိုမူ လုပ်ဆောင်မည်မဟုတ်ကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ခရစ္စတိုဖာရီးကပြောသည်။

အနာဂတ်မဟာဗျူဟာမြောက် တည်ငြိမ်ရေးဆွေးနွေးပွဲများတွင် နျူကလီးယားစမ်းသပ်မှုဆိုင်ရာကိစ္စရပ်များနှင့် စစ်ဆေးအတည်ပြုခြင်း ယန္တရားများကို ထည့်သွင်းဆွေးနွေးသွားနိုင်ကြောင်း ၎င်းကပြောထားသည်။

ယင်းအပြင် New START စာချုပ်သက်တမ်းကုန်ဆုံးခြင်းကမဟာဗျူဟာမြောက်တည်ငြိမ်မှုအတွက်နောက်ထပ်အဆင့်တစ်ခုဖြစ်ပြီး ကမ္ဘာ့နျူကလီးယားလက်နက်တိုက်များကိုလျှော့ချရန် ထရမ့်၏ ရည်မှန်းချက်ကို အထောက်အကူပြုနိုင်ကြောင်း ၎င်းကဆိုသည်။

သို့သော် အဆိုပါစာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ရုရှားနှင့် လက်နက်ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်အသစ်များအတွက် သတင်းအချက်အလက်မရှိသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့ပြင် အမေရိကန်က မဟာမိတ်များကိုအကာအကွယ်ပေးထားခြင်းသည် နျူကလီးယားပြန့်ပွားမှုတားဆီးရေးအတွက် အရေးကြီးကြောင်း ထရမ့်ကပြောထားသည်ဟု သိရသည်။

**Ref: Sputnik**

## အီရန်က သန့်စင်ပြီးယူရေနီယံများကို ရုရှားသို့ ပို့ဆောင်ရန် စဉ်းစားနေ

**နယူးယောက်၊ နိုင်ငံရေး**

အီရန်နိုင်ငံသည် ၎င်းတို့ထံတွင်ရှိသော သန့်စင်ပြီးယူရေနီယံအမြောက်အမြားကို ရုရှားနိုင်ငံသို့ ပို့ဆောင်ရန် စဉ်းစားနေသည်ဟု Wall Street Journal သတင်းဌာနက ဖော်ပြထားသည်။ ထိုလုပ်ဆောင်မှုသည် အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အနောက်နိုင်ငံများနှင့်တင်းမာမှုများလျှော့ချနိုင်ရန်ရည်ရွယ်သည့် ခြေလှမ်းတစ်ခုဖြစ်နိုင်ကြောင်း သတင်းဌာနကရေးသားထားသည်။


အမေရိကန်နှင့်ဆွေးနွေးလျက်ရှိသော သဘောတူညီချက်များတွင် အီရန်သည် နျူကလီးယားလက်နက် ထုတ်လုပ်နိုင်စွမ်းကို ကန့်သတ်သည့်အနေဖြင့် သန့်စင်ပြီးယူရေနီယံများကို ပြည်ပသို့လွှဲပြောင်းပေးရမည်ဟုပါဝင်ကြောင်း သတင်းဌာနကဆိုသည်။

ယင်းလုပ်ဆောင်ချက်သည် ယခင်က ပြုလုပ်ခဲ့ဖူးသည့် နျူကလီးယားသဘောတူညီချက်များ၏ပုံစံအတိုင်းဖြစ်ပြီး အပြန်အလှန်အားဖြင့် အီရန်အပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုအချို့ကိုလျှော့ချပေးရန် မျှော်လင့်နေခြင်းဖြစ်သည်။

ရုရှားနှင့်အီရန်တို့က စစ်ရေးပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်နေစဉ် ယခုကဲ့သို့ နျူကလီးယားပစ္စည်းများလွှဲပြောင်းမည့်သတင်း ထွက်ပေါ်လာခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ **Ref: RT**



# ရွှေတောင်မြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်



**ရွှေတောင် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်တွေ့ကြုံလာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ရွှေတောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်နိုင်ဦးက မီးဘေးအသိ/သတိရှိစေရန်နှင့် မီးဘေးလုံခြုံရေးဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂက်စ်မီးလောင်မှုကို ငြိမ်းသတ်နည်းတို့ကို သရုပ်ပြသကြသည်။

အဆိုပါ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ရာတွင် ရွှေတောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိဝန်ထမ်းများ၊ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)(မုဒိတာ) အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်နိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် လိုက်နာဆောင်ရွက်တတ်စေရန်အတွက် ယခုကဲ့သို့ လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။**ကိုကိုမင်း(ပြန်/ဆက်)**

# ရေဖြူမြို့နယ် ရေပုံးကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရေဖြူ ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပုံးကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေပုံးကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးနှင့် တစ်နှစ်ပတ်လုံးသောက်သုံးရေဖူလုံစေရေးစနစ်တကျသုံးစွဲကြရန်မှာကြားသည်။

ရေဖြူမြို့နယ် ရေပုံးကျေးရွာ၌ အရှည် ၃ မိုင် ၄ ဖာလုံရှိသော စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် အိမ်တိုင်ရာရောက်ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုငွေ ငွေကျပ် ၇၃ ဒသမ ၃၇ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေလုံလောက်စွာရရှိသည့်အပြင် အိမ်တိုင်ရာရောက်စနစ်ဖြစ်၍ ရေခပ်ရန်အချိန်ကုန်သက်သာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိကြောင်း သိရသည်။ **အထွေး**

# ဒေးဒရဲမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၈**


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ လူငယ်များ ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းချီပညာရှင် ဦးအေးမြင့်ဆွေက အခြေခံပန်းချီရေးဆွဲနည်းများ ရှင်းလင်းပြောကြားသည်။ အဆိုပါ နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၂ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရေး အခြေခံပန်းချီသင်တန်းအပြင် ဆေးရောင်ခြယ်သင်တန်း၊ ကဗျာရေးသားနည်း၊ စာစီစာကုံးရေးသားနည်းနှင့် အားကစားသင်တန်းများကို အခမဲ့ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**




# တွံတေးမွေးမြူရေးဇုန်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေး အသိပညာပေးဟောပြောပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်က အဆိုပါမွေးမြူရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိမ်းမော်၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်နှင့် အဖွဲ့ဝင်ခုနစ်ဦး၊ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇုန်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံးမှ ပိုးသတ်ဆေး 10 kg၊ PPE အစုံ ၃၀၊ လက်ကမ်းစာစောင်အစောင် ၃၀ နှင့် နံရံကပ်ပိုစတာ ၃၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေးအသိပညာပေးဟောပြောပွဲသို့ မွေးမြူရေးလုပ်ငန်းရှင် ၆၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ပိုင် သားဖွားခန်းအဆောက်အအုံဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



စစ်တွေ ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ပိုင်သားဖွားခန်းအဆောက်အအုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍအသီးသီးတွင် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြားလူမှုရေးအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခု အသင်းပိုင်သားဖွားခန်းအဆောက်အအုံအသစ်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အသစ်ပြန်လည်တည်ဆောက်ကာ အောင်မြင်စွာဖွင့်လှစ်နိုင်အောင်ဆောင်ရွက်ပေးပါသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ထို့နောက်သားဖွားခန်းအဆောက်အအုံအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှတ်တံဆိပ်ရုပ်တုနှင့် ဆိုင်းဘုတ်တို့ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး သားဖွားခန်းအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် အေရိုးဗစ်အဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင်ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ သာမန်၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘားအံမြို့နယ် ကော့လိုက်ကျေးရွာ သံလွင်မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ဘားအံ ဖေဖော်ဝါရီ ၁၈

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘားအံမြို့နယ်ကော့လိုက်ကျေးရွာရှိ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ကော့လိုက်ကျေးရွာရှိ တောင်သူ ဒေါ်အိဖြူစင်ထွန်း၏ မွေးမြူရေးခြံ၌ ဥစားဘဲကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ရွှေကင်း(၅)လမ်းတွင် Well Pile အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၂၀၀၊ ရွှေကင်း(၇)လမ်းတွင် Well Pile အခြေပြု ကျောက်စီမြေထိန်းနံရံ အလျားပေ ၂၆၀၊ ရွှေကင်း(၈)လမ်းတွင် Well Pile အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၁၄၀ စုစုပေါင်းအလျားပေ ၆၀၀ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မြန်မာ - ကိုရီးယား ပူးပေါင်းရိုက်ကူးမည့် All Pass လူငယ်ဒရမ်မာ ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်များ ရွေးချယ်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာ-ကိုရီးယား ပူးပေါင်း၍ ပထမဦးဆုံးရိုက်ကူးထုတ်လုပ်မည့် All Pass လူငယ်ဒရမ်မာ ရုပ်သံဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့မှ သရုပ်ဆောင်များ၏အမည်စာရင်းကို ယနေ့တွင် ရွေးချယ်ထုတ်ပြန်လိုက်သည်။




အဆိုပါ ဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံဘက်မှ သရုပ်ဆောင်ရွေးချယ်ခြင်းကို ကိုရီးယားနိုင်ငံမှ ဒါရိုက်တာအဖွဲ့ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွင်း လူတွေ့စစ်ဆေးခြင်း (Audition ) သုံးကြိမ်ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ရွှေကြိုအနုပညာရှင်များဖြစ်ကြသည့် လင်းလက်ခွန်းချို၊ ပြည့်စုံ၊ စီဆမ်ကျော်ဇော၊ မေ့ချစ်သက်၊ သူရိန်မင်းခန့်၊ ဖြိုးဟန်ကျော်၊ မိုးဖူးဖူးခင်တို့နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းအနုပညာရှင်များဖြစ်ကြသည့် အိန္ဒြာစိုးစံ၊ ကျော်သက်အောင်၊ ရာဇာအောင်နှင့် မြနန္ဒာတို့အား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ကိုရီးယားနိုင်ငံဘက်မှရုပ်သံဇာတ်လမ်းတွဲများစွာ ရိုက်ကူးထားရှိသည့် နာမည်ကြီးသရုပ်ဆောင်များဖြစ်ကြသော Mo Gun- hoo ၊ Park San- ha၊ Cho Chan-Hyung တို့ကို အဓိကသရုပ်ဆောင်များအဖြစ် ရွေးချယ်ထားပြီး Song Jung-hwan၊ Jang Eun- Youn၊ Lee Je- na၊ Cho Won- hyung ၊ Yoo Jun -hyuk နှင့် Lee See- yoon တို့ကို လူတွေ့စစ်ဆေးခြင်း (Audition) ပြုလုပ်၍ ရွေးချယ်ခဲ့ကာ ၎င်းတို့မှာ မြန်မာနိုင်ငံသို့ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နှင့် ၁၃ ရက်တို့တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ယင်းရုပ်သံဇာတ်လမ်းတွဲကို ထူးချွန်ဆုရရှိထားသူ ဒါရိုက်တာ ရှင်ကီဝန်းက ဦးဆောင်၍ လူငယ်များအတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်းများ တိုးတက်လာစေရန်၊ ကန့်သတ်ချက်များအကြားမှ ရုန်းကန်ကြိုးပမ်းဆောင်ရွက်တတ်စေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အပြန်အလှန်သွားရောက်ရိုက်ကူးကာ ၂၀၂၆ ခုနှစ် မတ်လအပြီး ထုတ်လုပ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅ ˚c | / | ၃၆˚c |
| ရန်ကုန် | ၂၁ ˚c | / | ၃၆˚c |
| မန္တလေး | ၁၄ ˚c | / | ၃၄˚c |

**၁၈-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကို ချွေတာကြပါစို့



## ငဖဲမြို့နယ်၌ နွေစပါးနှင့်နွေနှမ်း ၁၇၀၃ ဧက လျာထားစိုက်ပျိုးမည်

**ငဖဲ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် နွေစပါး ၁၂၇၁ ဧကနှင့် နွေနှမ်း ၄၃၂ ဧက စုစုပေါင်း ၁၇၀၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ ဒေသခံတောင်သူများ အနေဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ထွန်ယက်နေကြပြီဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ သီးနှံများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးပျိုးထောင်နိုင်ရေးတို့အတွက် မန်းချောင်းရေလှောင်တမံ၊ ရင့်ရှည်ရေလှောင်တမံနှင့် ဆည်ငယ်၊ ကန်ငယ်များမှ ဆည်ရေများကို လယ်ယာမြေစိုက်ခင်းများသို့ စနစ်တကျဖြန့်ဝေပေးလျက်ရှိရာ ကျေးရွာ ၁၁ အုပ်စုကွင်းပေါင်း ၂၀ တွင် နွေစပါး ၁၂၇၁ ဧကနှင့် နွေနှမ်း ၄၃၂ ဧက စုစုပေါင်း ၁၇၀၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာနှင့်စားသုံးဆီဖူလုံရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နွေသီးနှံများ စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုကော်မတီဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မျိုးကောင်းမျိုးသန့်စပါးမျိုးနှင့် နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ နွေသီးနှံလျာထားစိုက်ကေပြည့်မီရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

## ထုံလာကျေးရွာ၌ ရေတားတမံတည်ဆောက်ခြင်း လုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နောင်မွန် ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ထုံလာကျေးရွာအတွင်းကွန်ကရစ်ပေါင်ဖြင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၇ ရက်နံနက်ပိုင်းတွင် ခရိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ နောင်မွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ထုံလာကျေးရွာ၌ ကွန်ကရစ်ပေါင်ဖြင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါထုံလာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် အရှည် ၂၅ ပေ၊ အကျယ် ၃ ပေနှင့် အမြင့် ၅ ပေရှိကွန်ကရစ်ပေါင်ဖြင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းအား ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချစ်ဦးကို

## ကလိန်အောင်မြို့၌ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကလိန်အောင် ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် ကလိန်အောင်မြို့ မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးဆွေဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကလိန်အောင်မြို့ အမှတ်(၃) ရပ်ကွက်၊ ရေး-ထားဝယ်သွားလမ်းနယ်မြေမီးသတ်စခန်းရှေ့နှင့် ကံပေါက်လမ်းဆုံနေရာတို့တွင် ဖြတ်သန်းသွားလာနေကြသော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ မောင်းနှင်သူများကိုမီးလောင်မှုဖြစ်ပေါ်လာပါက အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ပါသော (၁၉၁) စတစ်ကာပြားများကပ်ပေးခြင်း၊ မီးဘေးလုံခြုံရေးအတွက် သိရှိလိုက်နာရမည့် ဆောင်ရန်/ရှောင်ရန်အချက်များပါရှိသော အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။

(၄၁၂)

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

( ခ ) တောမီးရှို့၍အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင်စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## ကန့်ဘလူမြို့နယ်၌ ကုန်ထုတ်လမ်း တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာချင်းဆက်၊ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် လမ်း/တံတားလုပ်ငန်းများမှာ မင်းကုန်းကျေးရွာကုန်ထုတ်လမ်းအရှည် ၀/၇ ဒသမ ၄၅ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ၊ တင်ကုတ်ကြီးကျေးရွာကုန်ထုတ်လမ်းအရှည် ၂ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ၊ မြကန်သာကျေးရွာချင်းဆက်လမ်းအရှည် ၁/၄ ဒသမ ၄၃ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ၊ ကံရိုးကျေးရွာတွင်းလမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မဂျင်းကျောက်ခင်းခြင်း၊ မှော်တော်ကျေးရွာတွင်းလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မဂျင်းကျောက်ခင်းခြင်း၊ ငါးရံ့တိုင်းကျေးရွာတွင်းလမ်း အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မဂျင်းကျောက်ခင်းခြင်း၊ နတ်အင်းကျေးရွာတွင်းလမ်း အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မဂျင်းကျောက်ခင်းခြင်းနှင့် ညောင်ပင်ကြီးကျေးရွာကုန်ထုတ်တံတား ( ၆ x ၁၈ x ၅ ဒသမ ၉) ပေတို့ဖြစ်သည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ တံတားတည်ဆောက်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မင်းရဲစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နှမ်းစပါးကေ ၂၄၀၀ ကျော် စိုက်ပျိုးရန်လျာထား

ကျောက်ဆည် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မင်းရဲစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နှမ်းစပါး ကေ ၂၄၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ထိုသို့လျာထားစိုက်ပျိုးရာတွင် တောင်နောက်ကျေးရွာအုပ်စု၌ ကေ ၁၄၀၊ သင်တောင်းကျေးရွာအုပ်စု၌ ၄၃၇ ကေ၊ အင်တိုင်းကျေးရွာအုပ်စု၌ ၃၇၈ ကေ၊ ကြက်မင်းတွန်ကျေးရွာအုပ်စု၌ ၁၀ ကေ၊ ဖောင်ရွာရပ်ကွက်ကျေးရွာအုပ်စု၌ တစ်ကေ၊ ပတ္တာကျေးရွာအုပ်စု၌ ၆၅၁ ကေ၊ ပင်တလည်ကျေးရွာအုပ်စု၌ ၅၇၃ ကေ၊ ပြည်ပန်းကျေးရွာအုပ်စု၌ ၁၈၅ ကေ၊ မြင်းကဘက်ကျေးရွာအုပ်စု၌ ကေ ၄၀၊ မုန့်ပေါင်းကျေးရွာအုပ်စု၌ ကေ ၂၀၊ လက်ပံဇင်ကျေးရွာအုပ်စု၌ ၁၂ ကေ စုစုပေါင်း ၂၄၄၇ ကေ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း နှမ်းစပါးများ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စပါးပျိုးထောင်ရေများကို ရေပေးဝေရေးမြောင်းများအလိုက် အလှည့်ကျစတင်ပေးဝေလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



သဲကုန်း ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ ဗလငါးတန်နှင့်ပြည့်စုံစေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(သဲကုန်း)ရှိ သာခုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(သဲကုန်း) ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်ကြွယ်ဝစေရန်နှင့် အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ social media ၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုသိရှိစေရန်၊ အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာရန် စသည့် လူငယ်များသိသင့်သိထိုက်သော ဗဟုသုတအကြောင်းအရာများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်နွေးနွေးခိုင်ဇင်က မြို့နယ်အတွင်းရှိ လူငယ်များအနေဖြင့် အားကစားကိုချစ်မြတ်နိုးတတ်စေရန်၊ မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် အားကစားနည်းအခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချပေးပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွက်လာရေးကို ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသောနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ကိုကျော်(သဲကုန်း)**

# ဒလမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် ထူးချွန်ထက်မြက်သည့်နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ဒလမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းများကို ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ ဗိုလ်တေဇဘောလုံးကွင်းနှင့် ဗိုလ်တေဇအားကစားခန်းမတို့၌ ဖွင့်လှစ်မည်ဖြစ်ပြီး ဘောလုံးသင်တန်းကို နံနက် ၇ နာရီမှ ၉ နာရီအထိ၊ ဘော်လီဘောသင်တန်းကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ တိုက်ကွမ်ဒိုသင်တန်းကို မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီခွဲအထိ၊ လက်ဝှေ့သင်တန်းကို ညနေ ၃ နာရီမှ ၅ နာရီအထိ၊ တင်းနစ်သင်တန်းကို ညနေ ၃ နာရီမှ ၅ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ အားကစားသင်တန်းများကို မတ်လ ၁ ရက်မှ ၃၀ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်း- ၀၉-၇၉၀၉၀၀၃၁၁၊ ၀၉-၆၈၈၃၄၅၃၇၄၊ ၀၉-၄၂၀၇၀၀၅၅၈၊ ၀၉-၆၉၈၈၁၄၄၆၈၊ ၀၉-၂၅၉၂၅၅၈၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မောင်ယဉ်ဦး**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် စတေကာကပ်ခြင်းများဆောင်ရွက်

ကော့သောင်း ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် စတေကာကပ်ခြင်းများကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကော့သောင်းမြို့အတွင်း လမ်းဆုံလမ်းခွများ၊ လူစည်ကားရာနေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူရဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇော်မိုးတို့ဦးဆောင်၍ သန္နိတပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပေါ်ပါက အလွယ်တကူမီးငြိမ်းသတ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အပြင်မသွားမီ သတိပြုရမည့်အချက်များ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများ၊ ဆေးလိပ်သောက်သူများ လိုက်နာရမည့်အချက်များ စသည့်အကြောင်းအရာများပါဝင်သော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြပြီး မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနရုံးသို့ ချက်ချင်း အကူအညီတောင်းခံနိုင်ရေးအတွက် အရေးပေါ်ဖုန်းခေါ်ဆိုနိုင်ရန် (191) စတေကာကပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



ချမ်းမြေ့

# ပြည်မြို့နယ် နဖားအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

ပြည် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နဖားအင်းကျေးရွာ၌ ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် စီမံကိန်းလုပ်ငန်းစဉ်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် သန်း ၂၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နဖားအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးအတွက် ငွေကျပ် ၁၆ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၃ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သန်း ၂၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် VAR စနစ်စတင်အသုံးပြုပြီးနောက် ပယ်နယ်တီအကြိမ်ရေအများဆုံးရရှိသည့်အသင်းအဖြစ် ချယ်လ်ဆီးအသင်း ထိပ်ဆုံး၌ရပ်တည်

လန်ဒန် ဖေဖော်ဝါရီ ၁၈

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် VAR စနစ်စတင်အသုံးပြုပြီးနောက် ပယ်နယ်တီအကြိမ်ရေအများဆုံးရရှိသည့်အသင်းအဖြစ် ချယ်လ်ဆီးအသင်းက ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကွင်းလယ်ဒိုင်လူကြီးများ အတွက် အထောက်အကူပြုစေရန် VAR စနစ် (ဗီဒီယိုအကူဒိုင်စနစ်)ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့ပြီးနောက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှစ၍ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း VAR စနစ်ကို စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် VAR စနစ်ကို စတင်ကျင့်သုံးခဲ့သည့်အချိန်မှစတင်ပြီး ချယ်လ်ဆီးအသင်းသည် ပယ်နယ်တီအကြိမ်ရေ ၄၈ ကြိမ်ရရှိပြီးနောက် ပယ်နယ်တီအကြိမ်ရေ အများဆုံးရရှိသည့်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် VAR စနစ်စတင်အသုံးပြုပြီးနောက် ကွင်းလယ်ဒိုင်လူကြီးများဆုံးဖြတ်ခဲ့သည့် ပယ်နယ်တီအကြိမ်ရေအများဆုံးရရှိသောအသင်းငါးသင်းစာရင်း၌ ချယ်လ်ဆီးအသင်းနောက်တွင် မန်စီးတီးအသင်းက ၄၂ ကြိမ်ဖြင့် ဒုတိယနေရာ၌လည်းကောင်း၊ မန်ယူအသင်းက ၃၈ ကြိမ်ဖြင့် တတိယနေရာ၌လည်းကောင်း၊ လီဗာပူးအသင်းက ၃၆ ကြိမ်ဖြင့် စတုတ္ထနေရာ၌လည်းကောင်း၊ နယူးကာဆယ်အသင်းက ၃၃ ကြိမ်ဖြင့် ပဉ္စမနေရာ၌လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့ကြသည်။

လက်ရှိ ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးများအတွက် အထောက်အကူဖြစ်စေရန် VAR စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေသော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲအပါအဝင် ထိပ်တန်းလိဂ်ပြိုင်ပွဲအများစု၌ VAR စနစ်ဖြင့် ဆုံးဖြတ်ရာတွင် သံသယဖြစ်ဖွယ်ဆုံးဖြတ်ချက်များ ရှိနေသည့်အတွက် ပရိသတ်များ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

*Ref;Goals Xtra*

# မက်ဆီရောက်ရှိလာပြီးနောက် အသင်းဝင်ငွေအဆမတန်မြင့်တက်လာကြောင်း အင်တာမိုင်ယာမီအသင်းထုတ်ပြန်



မိုင်ယာမီ ဖေဖော်ဝါရီ ၁၈

နာမည်ကြီးစီးပွားရေးမဂ္ဂဇင်းဖြစ်သည့် Forbes ၏ စစ်တမ်းကောက်ယူဖော်ပြချက်အရ အင်တာမိုင်ယာမီအသင်းသို့ မက်ဆီရောက်ရှိလာပြီးနောက် အင်တာမိုင်ယာမီအသင်း၏ဝင်ငွေမှာ အဆမတန်မြင့်တက်လာကြောင်း သိရသည်။


Forbes ၏စစ်တမ်းကောက်ယူဖော်ပြချက်အရ အင်တာမိုင်ယာမီအသင်း၏ တစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၆ သန်းသာရှိသော်လည်း မက်ဆီရောက်ရှိလာပြီးနောက် တစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်းသည် အသင်းကို ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အသင်းကိုတည်ထောင်ခဲ့သည်မှာ နှစ်အနည်းငယ်သာရှိသေးသော်လည်း ၂၀၂၃ ခုနှစ်က မက်ဆီကိုခေါ်ယူပြီးနောက် အသင်းပုံရိပ်များမြင့်တက်လာပြီး မေဂျာလိဂ်ပြိုင်ပွဲတွင် ထိပ်တန်းကလပ်အသင်းတစ်သင်းအဖြစ်ပင် ရပ်တည်လာနိုင်ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မေဂျာလိဂ်ကွန်ဖရန့်လိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

အင်တာမိုင်ယာမီအသင်းသို့ တိုက်စစ်ကစားသမား မက်ဆီရောက်ရှိလာပြီးနောက် မက်ဆီနာမည်ပါသည့် အင်တာမိုင်ယာမီအသင်းဂျာစီများလည်း ရောင်းအားများမြင့်တက်လာပြီးနောက် အသင်းဝင်ငွေများစွာ မြင့်တက်လာသကဲ့သို့ အသင်းအိမ်ကွင်းပွဲစဉ်များတွင်လည်း ပရိသတ်အများအပြားဝင်ရောက်ကြည့်ရှုလာကာ အသင်းဝင်ငွေများ နှစ်စဉ်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Forbes*

# ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြသစ်အဖြစ် ဂျာဂျင်ကလော့အား ခန့်အပ်မည်ဆိုပါက ဘယ်လင်ဟမ်က မန်ယူအသင်းသို့ပြောင်းရွှေ့ရန်ဆုံးဖြတ်ထား



မန်ချက်စတာ ဖေဖော်ဝါရီ ၁၈

ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် လီဗာပူးအသင်းနည်းပြဟောင်း ဂျာဂျင်ကလော့အား ခန့်အပ်မည်ဆိုပါက ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က မန်ယူအသင်းထံပြောင်းရွှေ့ရန် ဆုံးဖြတ်ထားပြီး မန်ယူအသင်းနှင့် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြအလွန်ဆိုနှင့်လမ်းခွဲပြီးနောက် ရာသီကုန်အထိ ယာယီနည်းပြအဖြစ် အာဘီလိုအာကိုခန့်အပ်ထားပြီး ရာသီအကုန်တွင် အမြဲတမ်းနည်းပြခန့်အပ်မည်ဖြစ်ကာ နည်းပြသစ်အဖြစ် နည်းပြဂျာဂျင်ကလော့က ရေပန်းစားနေခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ဒေါ့မွန်အသင်းသို့မပြောင်းရွှေ့မီကတည်းက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုပြီး မန်ယူအသင်းက တရားဝင်ကမ်းလှမ်းမှုမပြုလုပ်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်က ပြောင်းရွှေ့ကြေးယူရို ၂၆ သန်းဖြင့် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ဒေါ့မွန်အသင်းတွင် သုံးရာသီကြာကစားပြီးနောက် ၂၀၂၃ ခုနှစ်က ပြောင်းရွှေ့ကြေး ယူရို သန်း ၁၁၀ ဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ဥရောပ၌ အကောင်းဆုံးတိုက်စစ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

သို့သော် ဘယ်လင်ဟမ်သည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန် ၂၀၂၅ ခုနှစ် ဇူလိုင်လက ပခုံးဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် ကာလအတန်ကြာ အနားယူခဲ့ရသောကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ရာသီအစပိုင်းပွဲစဉ်များကိုလွဲချော်ခဲ့ရပြီး ဒဏ်ရာပြန်လည်သက်သာလာချိန်တွင်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရကာ လက်ရှိတွင်လည်း တံကောက်ကြောဒဏ်ရာထပ်မံရရှိပြီး အနားယူနေခဲ့ရသည်။

ဂျာဂျင်ကလော့ကလည်း ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်လျှင် ဘယ်လင်ဟမ်အပါအဝင် ကစားသမားအများစုကိုရောင်းချရန် အသင်းတာဝန်ရှိသူများထံ တောင်းဆိုထားကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ဘယ်လင်ဟမ်၏အနာဂတ်မှာလည်း ပိုမိုမရေမရာဖြစ်လာခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# အာဆင်နယ်အသင်းက တိုက်စစ်ကစားသမား ဆာကာအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

လန်ဒန် ဖေဖော်ဝါရီ ၁၈

အာဆင်နယ်အသင်းက အဓိကတိုက်စစ်ကစားသမား ဆာကာအား ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ်ဆာကာသည် အာဆင်နယ်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်က အသင်းနှင့်စတင်ပူးပေါင်းခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။

အာဆင်နယ်အသင်းနှင့်ဆာကာတို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဆာကာကို ဥရောပထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန်စီစဉ်နေသည့်အတွက် အာဆင်နယ်အသင်းက လက်မလွှတ်လို၍ သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်းတွင် ဆက်လက်ထိန်းထားရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆာကာကိုယ်တိုင်ကလည်း အသင်းနှင့်အတူ ဆက်လက်ကစားလိုသည့်အတွက် သက်တမ်းတိုးစာချုပ်အတွက် လက်ခံခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကာ လုပ်ခလစာလည်း တိုးမြှင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့(အစား)၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ (၂၀၂၆-၂၀၂၇)ခုဘဏ္ဍာရေးနှစ်အတွက် သတင်းစာများ ပုံနှိပ်ထုတ်ဝေနိုင်ရန် ပတ်လည်ပုံနှိပ်စက်ငှားရမ်း၍ မန္တလေးနေ့စဉ်သတင်းစာ ရောင်စုံပုံနှိပ်လုပ်ငန်းအပ်နှံခြင်း(၂)မျိုးကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ရက် - ၂၀-၂-၂၀၂၆(သောကြာနေ့)

(ခ) တင်ဒါပုံစံ ရောင်းချမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(ဂ) တင်ဒါနောက်ဆုံး တင်သွင်းရန်နေ့ရက်နှင့်အချိန် - ၁၃-၃-၂၀၂၆ ညနေ(၄:၃၀)နာရီ

(ဃ) တင်ဒါတင်သွင်း ရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(င) တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန် - ၁၆-၃-၂၀၂၆ နံနက်(၀၉:၃၀)နာရီ

(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာ တစ်စုံရောင်းချဈေးနှုန်း - ၁၀၀၀၀/-ကျပ်

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း ၀၉-၂၀၆၂၀၉၉၊ ၀၉-၂၀၅၁၇၅၂၊ ၀၉-၇၉၇၅၇၅၂၇၄၊ ၀၂-၂၈၄၇၃၉၈ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၅၂/မမ/CE | **တိုင်းအမှတ်(၁၁)၊ ပုဂံ** တိုင်းအမှတ်(၁၁)၊ ပုဂံနယ်မြေ၊ ပြည်-ပုဂံရထားလမ်းပိုင်း၊ ပရပ်ကြယ်-ဆတ်သွားကြား၊ မိုင်တိုင်(၂၄၄/၀) နှင့် (၂၄၄/၃)ကြားရှိ အရှည်ပေ ၄၀၀ ရှိ တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းတံတား ပြန်လည်ပြုပြင် တည်ဆောက်ခြင်း(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၅-၃-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉-၂-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ စီကောက်ကျေးရွာနေ မဆောင်းနှင်းဝေ၊ မကျော့နှင်းဝေနှင့် မောင်ပိုင်မိုးဝေတို့၏ဖခင် ဦးကျော်စန်းနှင့် ဦးထွန်းထွန်းလင်း ၅/စကန(နိုင်)၃၁၇၇၉၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးကျော်စန်း(ခ)ဦးထွန်းထွန်းလင်း**

### ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်)Grade-12 တွင် ပညာသင်ကြားနေသော မောင်ထက်မြက်လင်း၏ဖခင် ဦးမိုးသိန်း၏အမည်မှန်မှာ ဦးအေးမိုးသိန်း ၉/လဝန(နိုင်) ၁၉၁၆၆၇ ဖြစ်ပါကြောင်း။ **ဦးအေးမိုးသိန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁) ဘိုကုန်းရပ်ကွက်နေ အဘ ဦးအောင်ထွန်း ၆/လလန (နိုင်)၁၀၄၈၀၁ ၏သား မောင်သီဟအောင်နှင့် မောင်သူရအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်သီဟအောင်(ခ)မောင်သူရအောင်**

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ ဦးသန်းဦး-ဒေါ်နှင်းနှင်းအေးတို့၏သား မောင်ကျော်ဇင်ထက်နှင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်နေ ဦးမြင့်ကျော်-ဒေါ်ထိုက်ထိုက်စိုးတို့၏သမီး၊ ကိုအောင်ဝင့်သူ၏ညီမ မမေသံစဉ်အေးတို့သည် ၁၄-၂-၂၀၂၆ ရက်နေ့တွင် နှစ်ဖက်မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မောင်ကျော်ဇင်ထက်+မမေသံစဉ်အေး**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်သာကျေးရွာအုပ်စု၊ ဂုံမင်းကွင်းကျေးရွာနေ အဘ ဦးစံမောင်-အမိ ဒေါ်စောရင်တို့၏သား မောင်ဇော်မျိုးထက် ၉/ပဗသ(နိုင်)၀၀၃၄၅၇ သည် မိဘဆိုဆုံးမမှုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးစံမောင်-ဒေါ်စောရင်**

### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁) ရပ်ကွက်၊ ချစ်ကြည်ရေးတံတားဘေး၊ ဘုရင့်နောင်လမ်းမကြီးနေ ဦးကောင်းရဲထက်(ဘ) ဦးသွင်ဦး ၁၂/ဥကမ(နိုင်)၂၈၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၄၄၅၄၂၁၂

### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) မဟာစည်လမ်းနေ စန္ဒာဝင်း(ဘ) ဦးစိန်လင်း ၃/မဝတ(နိုင်)၁၁၆၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၂၄၆၂၈၈

### ပျောက်ဆုံးကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ဇောတိကလမ်းနေ မသက်သက်မာ(ဘ)ဦးကျော်တင့် ၁၂/ဥကမ(နိုင်)၁၄၇၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ချစ်ကိုကို(ဘ)ဦးကာစင် ၉/မထလ(နိုင်) ၃၆၃၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၇၅၈၆၄

### ပျောက်ဆုံးကြောင်း

အေးချမ်းဆုမြတ်နိုး(ဘ)ဦးခင်မောင်မြတ် ၃/မဝတ(နိုင်)၀၃၅၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၉၇၀၆၈၁

### ပျောက်ဆုံးကြောင်း

တင်တင်စန်း(ဘ)ဦးကျော်စန်း ၃/ဘအန (နိုင်)၂၂၁၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 708971)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

အောင်နိုင်(ဘ)ဦးမောင်စိန် ၁၂/ဒဂတ(နိုင်) ၁၃၈၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

သိန်းသိန်းဦး(ဘ)ဦးစိန်ဝင်း ၁၂/တကန(နိုင်) ၀၀၁၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ဇင်မာဦး(ဘ)ဦးအောင်ဝင်း ၅/ကလထ(နိုင်) ၃၀၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

နှင်းပပအောင်(ဘ)အောင်ကျော်မိုး ၆/ထဝန (နိုင်)၁၂၂၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

ကေခိုင်ဦး(ဘ)ဦးတင်ဦး ၈/အလန(နိုင်) ၂၄၄၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ခင်ခင်ယု(ဘ)ဦးဗိုလ်သိန်း ၅/တမန(နိုင်) ၀၀၇၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၀၃၁၇၀၁

### ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ရွာနေ ထူးထူးနိုင်(ဘ)ဦးပေါ်ရွှေ၉/ဝတန(နိုင်) ၁၆၁၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ကျိုက်မရောမြို့၊ မဟာမြိုင်ကျေးရွာနေ မောင်ဂျူနိုက်(ဘ)မာမက်ယူနွတ် ၁၀/ကမရ(နိုင်)၁၇၀၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ရဲထက်အောင်(ဘ)ဦးဇော်မင်းဦး ၉/ရမသ (နိုင်)၂၀၁၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၀၀၆၂၆၂

### ပျောက်ဆုံးကြောင်း

နော်မြတ်နိုးဦး(ဘ)ဦးတင်ဆွေဦး ၃/ဘအန (နိုင်)၃၇၁၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

သူရဝင်း(ဘ)ဦးမြဝင်း ၈/ပဖန(နိုင်)၁၇၆၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

### အမည်ပြောင်း

အထက၊ ရှောပြာ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-9 မှ ဦးဇော်လွင် ၁၄/ပသန (နိုင်)၀၀၄၈၁၉ ၏သမီး မဇင်မေဇော်အား မဇင်မေသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဇင်မေသော်**

### ပျောက်ဆုံးကြောင်း

သန်းနိုင်(ဘ)ဦးအောင်ရွှေ ၈/မမန(နိုင်) ၁၆၄၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

မြတ်ဝင်း(ဘ)တန်တိုင်ချို(ခ)ဦးကျင်ဟုတ် ၁၂/လသန(နိုင်)၀၂၀၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၇၇၇၃၁၃

### ပျောက်ဆုံးကြောင်း

မူမူဆွေ(ဘ)ဦးတင်လှိုင် ၁၂/သခန(နိုင်) ၀၇၉၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၆၉၈၆၁

### ပျောက်ဆုံးကြောင်း

လမ်းပပဟိုင်(ဘ)ဦးထောင်းခိုင်မ် ၅/မသန(နိုင်)၀၀၆၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁




ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

သဘာဝအစစ်ရဲ့ အရသာထူး ဗိုက်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

Black Tea




ရွှေဖီဦး

Tea Mix

Lemon Tea




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး

မျှဝေခံစားပေးမှာ

အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563






OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ

FDA Approved No. Sa 5/21346/Hta la







Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

❖ ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်သည် ဆရာများ၏ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် ဆရာများတွင်ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခြင်းထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကိုဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကိုမတိုက်တွန်းဘဲ အကျိုးများမည့်နေရာကိုတိုက်တွန်းခြင်း စသည့်ဂုဏ်များနှင့်ပြည့်စုံကြရန်လိုအပ်. . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးနှင့် ၎င်း၏မိသားစုဝင်များ တပ်မတော်လုံခြုံရေးစခန်းမှတစ်ဆင့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အမျိုးမျိုးအမည်ခံထားသည့် အဖွဲ့ဝင်အမျိုးသားများနှင့် အမျိုးသမီးများတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည်နှင့်အညီ ယနေ့ညနေ ၄ နာရီ ၅၀ မိနစ်ခန့်တွင်လည်း BNRA အမည်ခံအဖွဲ့မှ

စာမျက်နှာ ၁၅ ကော်လံ ၃ ➢



BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါး လက်နက်၊ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်စဉ်။

## နိုင်ငံတကာသတင်း

စာ - ၂၃ သို့

တာကာအိချီကို ဂျပန်ဝန်ကြီးချုပ်အဖြစ် လွှတ်တော်က တရားဝင် ပြန်လည်ရွေးချယ်တင်မြှောက်

. . . . . . . . . . . . . . . . . . .

ဆိုရှယ်မီဒီယာအသုံးပြုမှု အသက်ကန့်သတ်ရန် အိန္ဒိယအစိုးရနှင့်ကုမ္ပဏီများ ဆွေးနွေး

. . . . . . . . . . . . . . . . . . .

အမေရိကန်က နျူကလီးယား စမ်းသပ်မှုများကို ပြန်လည်လုပ်ဆောင်မည်

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ပဲမျိုးစုံ ဧက ၁၄၀၀ ကျော် ရိတ်သိမ်းပြီးစီး




ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၈၂၆၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲများအနက် ဆောလျင်စွာစိုက်ပျိုးခဲ့သည့် ပဲသီးနှံစိုက်ခင်းများကို ရိတ်သိမ်းလျက်ရှိရာ ယနေ့တွင် ပဲမျိုးစုံသီးနှံ ၁၄၂၆ ဧကထိ သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"ဆောင်းသီးနှံရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲမျိုးစုံသီးနှံ ၈၂၆၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသတွင်းသီးနှံစိုက်ပျိုးစွမ်းအား

စာမျက်နှာ ၁၅ ကော်လံ ၁ ❐

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့ညနေ ၃ နာရီခွဲ အချိန်တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားကာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

